# ဖားစည်နှင့်ကရင်လူမျိုး



ဖားစည်အကြောင်းလေ့လာရှာဖွေရေး

**ဖားစည်နှင့်ကရင်လူမျိုး – ဖားစည်အကြောင်းလေ့လာရှာဖွေရေး**

The Bronze Drum and The Karen People (Burmese version)

Drum Publication Group
P.O Box 66
Kanchanaburi, 71000
Thailand

drum@drumpublications.org
www.drumpublications.org

November, 2011

ISBN  978-616-7225-33-3

မျက်နှာဖုံးဒီဇိုင်း – ကရင့်နှစ်သစ်ကူးနေ့အခမ်းအနားတွင်ဖားစည်တီးခတ်နေပုံ (စာအုပ်မျက်နှာဖုံးခါတ်ပုံ၊ ကရင့်သတင်းစဥ်ဝက်ဘ်ဆိုက်မှကူးယူဖော်ပြသည်)၊ နောက်ခံခဲသားရောင်ဖားစည်ပုံ (Figure 11. #313, DS II, T, P- 106, The Karen Bronze Drums of Burma, Richard M. Cooler )

# မာတိကာ


**အခန်း (၁) ဖားစည်အမျိုးမျိုး** **၁**
၁.၁ အာရှတိုက်အတွင်းရှိဖားစည်များအကြောင်း ၂
၁.၂ ဖားစည်အမျိုးမျိုး ၃
**အခန်း (၂) ဖားစည်နှင့်ကရင်လူမျိုး** **၆**
၂.၁ ကရင်လူမျိုးများပြောဆိုသောဖားစည်၏မူလဇစ်မြစ် ၆
၂.၂ ကရင့်ကဗျာလင်္ကာနှင့်ပုံပြင်များအတွင်းရှိဖားစည်များ ၉
၂.၃ ဖားစည်သွန်းလုပ်ခြင်း ၁၆
၂.၄ ဖားစည်သွန်းလုပ်ခြင်းအဆင့်ဆင့် ၁၉
၂.၅ ဖားစည်သွန်းလုပ်ရာနေရာများ ၄၀
၂.၆ ဖားစည်ကြွန်အင်လက္ခဏာနှင့်အဓိပ္ပာယ်များ ၄၃
၂.၇ ကရင့်ဖားစည်အမျိုးမျိုး ၅၃
၂.၈ လူသိများသောကရင့်ဖားစည်များ ၅၄
**အခန်း (၃) ဖားစည်တီးခတ်အသုံးပြုပုံ** **၅၅**
၃.၁ ကရင့်ရိုးရာယဉ်ကျေးမှုပွဲတော်များအတွင်းဖားစည်အသုံးပြုပုံ ၅၅
၃.၁.၁ မိုးခေါ်ပွဲအခမ်းအနားနှင့်ဖားစည် ၅၈
၃.၁.၂ ပျော်ပွဲရွှင်ပွဲများနှင့်ဖားစည် ၆၀
၃.၁.၃ စစ်ပွဲနှင့်ဖားစည် ၆၁
၃.၁.၄ နေကြတ်ချိန်နှင့်ဖားစည် ၆၁
၃.၁.၅ ဖားစည်ကိုမျက်မှောက်ကာလတွင်အသုံးပြုခြင်း ၆၂
၃.၁.၆ လူမျိုးခြားယဉ်ကျေးမှုများအတွင်းအသုံးပြုသောကရင့်ဖားစည် ၆၃
**အခန်း (၄) ဖားစည်အားထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ရှောင်ကြဉ်ရန်များ** **၆၆**
၄.၁ ဖားစည်၏ဂုဏ်အင်္ဂါနှင့်တီးခတ်ပုံ ၆၇
၄.၂ ဖားစည်နှင့်ပတ်သက်၍ကရင်လူမျိုးတို့လိုက်နာအပ်သောရှောင်ရန်များ ၆၉
**အခန်း (၅) ဖားစည်တန်ဖိုးနှင့်မျက်မှောက်ခေတ်ရှိဖားစည်တန်ဖိုး** **၇၂**
၅.၁ ဖားစည်၏တန်ဖိုးများ ၇၃
၅.၂ မျက်မှောက်ကာလဖားစည်အပေါ်သဘောထားနှင့်အမြင်များ ၇၅

# စကားချီး

ရိုးရာယဉ်ကျေးမှုနှင့် သက်ဆိုင်သောစာအုပ်စာပေများကို နှစ်စဉ်နှစ်တိုင်းထုတ်ဝေဖြန့်ချိလေ့ရှိသည့်အတိုင်း ယခုနှစ်တွင်လည်း ဖားစည်နှင့်ပတ်သက်သောစာအုပ်အဖြစ် "ဖားစည်နှင့်ကရင်လူမျိုး" အမည်ဖြင့်ရေးသားထုတ်ဝေလိုက်ပါသည်။ ကရင်လူမျိုးများအနေဖြင့် ဖားစည်ကို ကရင့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းအဖြစ်သော်လည်းကောင်း၊ ကရင့်ရိုးရာတူရိယာပစ္စည်းအဖြစ်သော်လည်းကောင်း သိရှိထားကြသော်လည်း ဖားစည်၏မူလဇစ်မြစ်နှင့်ပတ်သက်၍ မူကားသိရှိလေ့လာသူလွန်စွာရှားပါးလှပေသည်။ ထို့ကြောင့် နှောင်းလူများသိရှိနိုင်စေရန်အလို့ငှာ "ဖားစည်နှင့်ကရင်လူမျိုး" အမည်ဖြင့်ရေးသားထုတ်ဝေရခြင်းဖြစ်ပေသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် သတင်းဌာနများ၊ ဆောင်းပါးများ၊ ဖားစည်အကြောင်းရေသားထားသော စာအုပ်စာပေများအစရှိသည်ဖြင့် အချက်အလက်များစုံသည်ထက်စုံအောင် ရှုထောင့်ပေါင်းစုံပါဝင်အောင်ကြိုးစားပြုစုထားပါသည်။ ထိုသို့အချက်အလက်များကိုရှာဖွေရာတွင်၊ အရေးကြီးအချက်အလက်များကို ပရော်ဖက်ဆာ ရစ်ချက် အမ်ကိုလာ (Professor. Richard M. Cooler) ရေးသားသော "The Karen Bronze Drums of Burma" မှ အချက်အလက်များစွာကိုကောက်နှုတ်ဖော်ပြထားပါသည်။ အချို့သောအချက်အလက်များကို စာအုပ်စာပေများ၊ အင်တာနက်စာမျက်နှာနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၏သဘောထားအမြင်များဖြင့်ပါ ဖြည့်စွက်ဖော်ပြထားပါသည်။ သို့သော်လည်း အလုံးစုံပြည့်စုံသည်ဟူ၍ကား မဆိုနိုင်သေးပေ။ အကောင်းဆုံးဖြစ်မြောက်ရေးအတွက် လိုအပ်ချက်များရှိနေသေးသည်သာဖြစ်ပါသည်။ ဤစာအုပ်အတွင်းအသုံးပြုထားသော ရုပ်ပုံများနှင့်တကွအဖိုးတန်အကြောင်းအရာများကို အသုံးပြုခွင့်ပေးသော ပရော်ဖက်ဆာ ရစ်ချက်အမ်ကိုလာနှင့် အခြားသောစာရေးသူတို့အား ဤနေရာမှနေ၍ ကျေးဇူးတင်ကြောင်းပြော ကြားလိုပါသည်။ ဤစာအုပ်သည် ဖားစည်အကြောင်းကို လေ့လာမှုပြုသူများ၊ အထက်တန်းကျောင်းသူကျောင်းသားများနှင့် စာရှုသူများအတွက် ဗဟုသုတဖြစ်ဖွယ်အထောက်အကူပြုစာအုပ်ကောင်းတစ်အုပ်ဖြစ်ရန်ရည်ရွယ်ပါသည်။

*Drum Publication Group*
*October, 2011*



# အခန်း (၁)
# ဖားစည်အမျိုးမျိုး

ကျွန်ုပ်တို့သည် "ဖားစည်" ဟုဆိုသောအခါ ကရင့် "ဖားစည်" ကိုပြေး၍မြင်ယောင်ကြပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် "ဖားစည်" သည်ကရင်လူမျိုးများသည် လွန်ခဲ့သောရှေးယခင်နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့ပြီးသောယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတစ်ရပ်ဖြစ်သောကြောင့်ဖြစ်သည်။ ဖားစည်အကြောင်းကိုဆက်လက် လေ့လာကြည့်သောအခါတွင် ဖားစည်ကိုနိုင်ငံနှင့်လူမျိုးပေါင်းများစွာ တို့ကအသုံးပြုလျက်ရှိသည်ကို တွေ့ရပေသည်။ ဖားစည်၏မူလဇစ်မြစ်နှင့်ပတ်သက်၍လည်း အယူအဆအမျိုးမျိုးကွဲပြားလျက်ရှိနေသည်ကိုတွေ့မြင်ကြရပေသည်။ ထို့ကြောင့် ဖားစည်၏ မူလဇစ်မြစ်နှင့် စတင်အသုံးပြုရာနေရာတို့ကိုအတိအကျ ဖော်ပြရန်မှာလွန်စွာမှခဲယဉ်းလှပေသည်။ ထို့အတူ မည်သူ၏ဖော်ပြချက်၊ မည်သည့်လူမျိုးတို့၏ဖော်ပြချက်သည်သာ အမှန်ဖြစ်သည်ဟုဖော်ပြရန်မှာလည်း မလွယ်ကူလှပေ။ သို့သော်၊ သေချာစွာပြောနိုင်သောအရာကားဖားစည်ကိုကရင်လူမျိုးများသည်လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ပြီးငှင်းတို့၏ယဉ်ကျေးမှုအမွေပစ္စည်းတစ်ရပ်အဖြစ် ယနေ့ထက်တိုင်အသုံးပြုနေကြခြင်းပင်ဖြစ်သည်။

## ၁. ၁. အာရှတိုက်အတွင်းရှိဖားစည်များအကြောင်း

ဖားစည်ကို မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ အန္ဒိယ၊ သီရိလင်္ကာနှင့် အင်ဒိုနီးရှားနိုင်ငံအနှံ့အပြားတို့တွင်တွေ့ရှိရသည်။ ဖားစည်ကို တွေ့ရှိရာနေရာဒေသအပေါ်မူတည်၍ ဖားစည်၏ ပုံသဏ္ဍာန်နှင့် အသုံးပြုပုံသည် လည်းကွဲပြားမှုရှိသည်။ ဖားစည်အကြောင်းနှင့်ပတ်သက်၍ ၄င်းတို့ကိုစူးစမ်းလေ့ လာသူအပေါ်မူတည်၍ အောက်ဖော်ပြပါအတိုင်း အမြင်အမျိုးမျိုးကွဲပြားလျှက်ရှိ သည်။

ပရော်ဖက်ဆာ ဒေါက်တာရစ်ချက်အမ်ကိုလာ (Professor Dr. Richard M. Cooler) ရေးသားသော "The Karen Bronze Drum Of Burma" စာအုပ်ထဲ တွင်၊ ဖားစည်ကို ခရစ်တော်မပေါ်မီ ၆ ရာစုမတိုင်ခင်ကတည်းက ဗီယက်နမ်နိုင်ငံ တောင်ပိုင်းတွင်စတင်အသုံးပြုနေပြီဖြစ်သည်။ ၄င်းဒေသမှတဆင့်၊ ဖားစည်များ သည်တောင်ဘက်တွင် အင်ဒိုနီးရှားကမ်း ခြေတစ်လျှောက်နှင့် မြောက်ဘက်တွင် တရုတ်ပြည်၊ ယူနန်နယ်အထိဖြစ်သည်။ ထိုမှတဖန်၊ ယူနန်နယ်မှနေ၍မြောက် ဘက်နှင့်တောင်ဘက် လမ်းကြောင်းနှစ်ခုခွဲထွက်၍ ဆက်လက်ပျံ့နှံ့ပြန်သည်။ မြောက်ဘက်သို့ဆက်လက်ပျံ့နှံ့သည့်လမ်း ကြောင်းမှာ တရုတ်ပြည်အတွင်းသို့ ဖြစ်ပြီး၊ တောင်ပိုင်းသို့ဆက်လက်ပျံ့နှံ့သည့်လမ်းကြောင်းမှာ မြန်မာပြည်တွင်းသို့ ဖြစ်သည်။ ဖားစည်များကို မြန်မာပြည်တွင်းသို့ ပျံ့နှံ့သယ်ဆောင်လာသူများမှာ ရှေးခေတ်ကရင်လူမျိုးများ ဖြစ်ဖွယ်ရှိသည်။

Hall Conservation အဖွဲ့၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ကရင့်ဖားစည်အ ကြောင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားသည်။ ဖားစည်ကိုအသုံး ပြုသူများမှာ ကရင်လူမျိုးများဖြစ်သော်လည်း တကယ်တမ်းဖားစည်ကိုသွန်း လုပ်သူများမှာ ရှမ်းလူမျိုးများဖြစ်သည်ဟုဆိုပြီး၊ အချို့က ၄င်းကိုကရင်နီလူမျိုးများ ဖြစ်သည်ဟုလည်းဆိုကြသည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းကာ လများတွင်ဖားစည်များကို အချို့ဒေသများတွင်တူးဖော်တွေ့ရှိရပြီး၊ အချို့ကိုလူ

နည်းစု လူမျိုးများအတွင်း၌တွေ့ရှိရပေသည်။ နှစ်အနည်းငယ်ကြာပြီးနောက်ဖား စည်များကို မြန်မာ၊ ထိုင်း၊ လာအို၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင် ငံတစ်လွှားတို့၌တွေ့ရှိရသည်။ ထို့ကြောင့် ဖားစည်များကိုအရှေ့တောင်အာရှနိုင် ငံများ အားလုံး (ဖိလစ်ပိုင်နိုင်ငံမှလွဲ၍) တွေ့ရှိရသည်ဟုဆိုနိုင်ပေသည်။ Hall Conservation အဖွဲ့ကဖားစည်ကို ဗီယက်နမ်နိုင်ငံတွင် ခရစ်သက္ကရာဇ် ၂– ၃ ရာစုကတည်းကစတင်အသုံးပြုခဲ့ကြပြီဟုဆိုသည်။ ဖားစည်သွန်းလုပ်ရာဒေသ များအနက် ဗီယက်နမ်နိုင်ငံ၊ ဒေါင်ဆောင်းအရပ်မှာလူသိများသည်။ မျက်မှောက် ကာလတွင်မူ အချို့ဒေသများ၌ဖားစည်များကိုရှေး ဟောင်းပစ္စည်းတရပ်အဖြစ် အာရှတွင်းနှင့်နိုင်ငံရပ် ခြားဒေသများသို့ရောင်းဝယ်ဖောက် ကားလျက်ရှိနေကြ သည်။

## ၁. ၂. ဖားစည်အမျိုးမျိုး

၁၉၀၂တွင်၊ ဖရန့်ဟက်ဂါ (Franz Heger)ကဖားစည်အကြောင်းနှင့်ပတ်သက်၍ လေ့လာမှုပြုပြီးမှ လူများသတိပြုမိလာကြသည်။ ဖားစည်၏ပုံသဏ္ဍာန်နှင့် သွင် ပြင်လက္ခဏာများအပေါ်မူတည်၍ ၎င်းမှ ဟက်ဂါ (Heger) ၁၊ ၂၊ ၃၊ ၄ ဟူ၍ခွဲ ခြားထားသည်။ ၎င်းတွင်ဟက်ဂါ – ၁ အမျိုးအစား မှာအစောဆုံးဖြစ်ပြီး၊ မှိုပွင့်သဏ္ဍာန်ရှိသည်။ ၎င်း ကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း၊ ဒေါင်ဆောင်းအ ရပ်တွင်တွေ့ရှိရသည်။ ဖရန့်ဟက်ဂါ (Franz Heger) က၊ ဟက်ဂါ – ၁ မှတဆင့် ဟက်ဂါ – ၂၊ ၃ နှင့် ၄ တို့ဆက်လက်၍ဆင့်ပွားဖြစ်ပေါ်လာ သည်ဟုဆိုသည်။




ဖရန့်ဟက်ဂါ (Franz Heger) ဖော်ပြသောဖားစည်အမျိုးစားများမှာအောက်ပါအတိုင်းဖြစ်သည်။

ဟက်ဂါ – ၁ (Heger- 1) ဗီယက်နမ်ဖားစည်

ဟက်ဂါ – ၂ (Heger- 2) ဗီယက်နမ်နိုင်ငံရှိမုန်း (Muong) လူမျိုးအသုံးပြုသောဖားစည်

ဟက်ဂါ – ၃ (Heger- 3) ကရင်လူမျိုးအသုံးပြုသောဖားစည်

ဟက်ဂါ – ၄ (Heger- 4) တရုတ်ဖားစည်ဟူ၍ဖြစ်သည်။ ၄င်းတို့အနက်ဟက်ဂါ – ၂ အမျိုးအစားမှာ အတွေ့ရခဲဆုံးဖြစ်သည်။




*ပုံ (၁) ဖားစည်အမျိုးအစား ၄ မျိုး*

ကရင့်ဖားစည်ကို ခရစ်သက္ကရာဇ် ၂၅၀ ပတ်ဝန်းကျင်လောက်တွင် ကရင်လူမျိုးများက ကိုယ်ပိုင်ပုံစံစတင်ပြောင်းလဲ သွန်းလုပ်လာခဲ့ကြရာ၊ နောက်ဆုံးတွင်ယနေ့မြင်တွေ့ရသည့်အတိုင်းပင်ဖြစ်သည်။

ဖားစည်၏ မူလဇစ်မြစ်နှင့်ပတ်သက်၍ လူအသီးသီး၌အမြင်အမျိုးမျိုးရှိကြပေသည်။ ဖားစည်ပျံ့နှံ့တည်ရှိရာ နိုင်ငံ၊ ဒေသ၊ လူမျိုးများကွဲပြားလျက်ရှိသော်ငြားလည်းတူညီသောအချက်မှာ ဖားစည်ကိုလွန်ခဲ့သောနှစ်ပေါင်းများစွာမှစ၍ ယနေ့ထက်တိုင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတစ်ရပ်အဖြစ်အသုံးပြုလျက်ရှိနေခြင်းပင်ဖြစ်သည်။ နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ ဖားစည်အသုံးပြုမှုနှင့်တန်ဖိုးထားမှုများလည်းကွာခြားမှုများရှိလာသည်ကိုတွေ့ရပေသည်။




# အခန်း (၂)
# ဖားစည်နှင့်ကရင်လူမျိုး

ဖားစည်အကြောင်းသုတေသနပြုသူများ၏ဖော်ပြချက်အရ၊ ကရင်လူမျိုးအကြောင်းသိရှိလိုပါက ဖားစည်အကြောင်းကို ဦးစွာလေ့လာရမည်ဖြစ်သည်။ ဖားစည်နှင့်ကရင်လူမျိုး၊ ကရင်လူမျိုးနှင့်ဖားစည်မှာ ခွဲခြား၍ရသောအရာမဟုတ်ပေ။ ကရင့်အမျိုးသားအလံတော်ရှိ နေမင်းရောင်ခြည်ကိုးသွယ်ထက်တွင် ဖားစည်မှာ ငွားငွားစွင့်စွင့်ရပ်တည်လျက်ရှိနေပေပြီ။ ထို့အတူ၊ ဖားစည်သည်ကရင့်ရိုးရာတူရိယာစာရင်းဝင်ပစ္စည်းဖြစ်သကဲ့သို့၊ ကရင့်အမျိုးသားရိုးရာယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းအဖြစ်လူသိများလှပေသည်။

## ၂. ၁ ကရင်လူမျိုးများပြောဆိုသော ဖားစည်၏မူလဇစ်မြစ်

ကရင်လူမျိုးများသည်ယူနန်နယ်မှမြန်မာပြည်နှင့် ထိုင်းမြန်မာနယ်စပ်တစ်လျှောက်သို့ဝင်ရောက်ခဲ့ကြသောခရစ်နှစ် ၈ ရာစုခန့်ကတည်း ကပင်ဖားစည်ကိုစတင်အသုံးပြုခဲ့ကြပြီးဖြစ်သည်။ ရစ်ချက်အမ်ကိုလာ (Richard M. Cooler) ရေးသားသောစာအုပ်ထဲတွင် ဖားစည်အကြောင်းနှင့် ဖားစည်၏မူလဇစ်မြစ်ကိုဖော်ပြရာတွင် ဖားစည်ကိုလေးမျိုးခွဲခြားထားသည် ကိုတွေ့ရှိရသည်။ ၄င်းတို့မှာဟက်ဂါ

**(Heger Group)** အုပ်စု– ၁၊ ၂၊ ၃၊ ၄ တို့ဖြစ်သည်။ ဟက်ဂါ– ၁ အုပ်စုဝင်ဖားစည်ကိုဖရန့်ဟက်ဂါ **(Franz Heger)** မှဗီယက်နမ်နိုင်ငံတွင်ရှာဖွေတွေ့ရှိခဲ့ပြီး၊ ၄င်းသည် မှိုပွင့်သဏ္ဍာန်ရှိသည်။ ခေတ်ကာလကြာညောင်းလာသည်နှင့်အမျှ ဖားစည်ယဉ်ကျေးမှုသည်လည်း အရှေ့တောင်အာရှနိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိခဲ့ရာ နောက်ပိုင်းတွင် ကရင်လူမျိုးများသည် ၄င်းတို့ကိုယ်တိုင်အသုံးပြုသွန်းလုပ်ခြင်းအားဖြင့်ကရင့်ဖားစည်ပုံစံ သီးသန့်ဖြစ်တည်လာခဲ့သည်။၄င်းကို ဖရန့်ဟက်ဂါ **(Franz Heger)** က "ဟက်ဂါ – ၃" အုပ်စုဝင်ဖားစည်အဖြစ်ထည့်သွင်းဖော်ပြထားသည်။





*ပုံ (၂) ကရင့်ဖားစည်*

ကရင့်ဖားစည်အကြောင်းရေးသားဖော်ပြသူများက၊ ကရင်လူမျိုးများ သည်ဖားစည်ကိုအသုံးပြုလာခဲ့သည် မှာလွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ခန့်ကတည်းကဖြစ်ကြောင်းဖော်ပြကြသည်။ ထို့အပြင်၊ ရစ်ချက်အမ်ကိုလာနှင့် အနောက်တိုင်းသုတေသီအချို့က ဖားစည်ကို ကရင်လူမျိုးများအသုံးပြုသော်ငြားလည်း တကယ်တန်းပြုလုပ်သွန်းလုပ်သူများမှာ ရှမ်းလူမျိုးများဖြစ်သည်ဟုဆိုကြသည်။ အခြားအဆိုပြုချက်တစ်ရပ်မှာ ရှေးကရင်ကဗျာလင်္ကာများအရ ကရင်လူမျိုးများသည်မဲခေါင်မြစ် ဖျားခံရာဒေသမှတဆင့် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်စကပင်ဖားစည်သွန်းလုပ်ခြင်းအတတ်ပါလာပြီးဖြစ်သည်ဟုဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ကရင်လူမျိုးများသည်ဖားစည်ကို ရှေးဘိုးဘွားဘီဘင်ခေတ်ကတည်းကစတင်၍ယနေ့ မျက်မှောက်ကာလတိုင်ဖားစည်ကို ရိုးရာအမွေအနှစ်ပစ္စည်း အ

ဖြစ်အသုံးပြုနေကြပြီဖြစ်သည်။

၁၈၆၈ ခုနှစ်တွင် ဒေါက်တာမေဆင်က ဖားစည် (Drum) ကို "ကြေးစည်"ဟုဘာသာပြန်ဆိုမှုပြုခဲ့သည်။ ၎င်းကဆက်လက်၍ ကရင်လူမျိုးများသည် "ကြေးစည်" ကို ရှမ်းလူမျိုးများထံမှရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် "ကြေးစည်" ကိုအမျိုးအစား(၁၀) မျိုးခွဲခြားထားကြောင်းဖော်ပြခဲ့သည်။ ကရင်လူမျိုးများသည် "ကြေးစည်" ကို၎င်း၏အသံသာယာမှု အပေါ်မူတည်၍ တန်ဖိုးသတ်မှတ်ဆုံးဖြတ်ကြသည်။ အသံသာယာမှုအပေါ်မူတည်၍ဖားစည်၏တန်ဖိုးမှာ (၁၀၀) ရူပီးမှ (၁၀၀၀) ရူပီးအထိရှိသည်ဟုဆိုသည်။ နောက်ဆုံးအနေဖြင့်၎င်းက၊ "ကရင်လူမျိုးတွေဟာ ကြေးစည်ကိုလက်ဝယ်ပိုင်ဆိုင်သူကို ငွေကြေးကြွယ်ဝ ချမ်းသာသူအဖြစ်သတ်မှတ်ကြပြီး၊ ကြေးစည်ကိုလက်ဝယ်ပိုင်ဆိုင်မှုမရှိပါက ကြွယ်ဝချမ်းသာသူဟူ၍ မသတ်မှတ်ကြချေ။ ထို့ကြောင့်ငွေကြေးကြွယ်ဝချမ်းသာသူများအနေဖြင့် ကြေးစည်ကိုကြိုးစား၍ဝယ်ယူလေ့ရှိကြသည်။ ကြေးစည်များစွာ ပိုင်ဆိုင်မှုရှိသောကျေးရွာနှင့် ကြေးစည်ပိုင်ဆိုင်မှုမရှိသောကျေးရွာများကြားပိုင်ဆိုင်ရယူလိုမှုအတွက် အပြန်အလှန်တိုက်ခိုက်မှုများပင်ရှိခဲ့ကြောင်းဖော်ပြခဲ့သည်။"

ဖရန့်ဟက်ဂါ "ကရင်လူမျိုးအချို့က၊ ကရင်လူမျိုးများသည်ဖားစည်ကို ယူလူမျိုးများထံမှရရှိခဲ့ကြောင်းဖော်ပြခဲ့သည်။ ကရင်လူမျိုးများပြောသော ယူလူမျိုးသည်ရှေးအခါက ယူနန်နယ်ကိုဝင်ရောက်တိုက်ခိုက်ခဲ့ကြသော ဂျွန် (Jung) သို့မဟုတ် ယွမ် (Yung) လူမျိုးများဖြစ်ဟန်ရှိသည်။ ဤအချင်းအရာတို့ကိုထောက်ရှုခြင်းအားဖြင့် ဖားစည်၏မူလဇစ်မြစ် သို့မဟုတ် ယူနန်နယ်၌ဖားစည်ကိုအသုံးပြုခဲ့ကြပြီးကရင့်ဘိုးဘေးများသည် ယူနန်နယ်မှတဆင့်မြန်မာနိုင်ငံအတွင်း သို့ဝင်ရောက်ခဲ့ရာလမ်းကြောင်းကိုဖော်ပြနေသည်။ အထက်ပါအကြောင်းအရာတို့မှာဖရန့်ဟက်ဂါနှင့်အခြားသော သုတေသီတို့၏ ဖားစည်၏မူလဇစ်မြစ်နှင့်သက်ဆိုင်သောသဘောထားအမြင်တို့ပင်ဖြစ်သည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက "ဖားစည်သွန်းလုပ်ရာနေရာမှာ အ

မြောက်အများရှိနိုင်သော်လည်း ကယားပြည်နယ်၊ နွှေဒေါင် (ငွေတောင်) မြို့က ပန်းဘဲဖိုတစ်ခုတည်းသာ မှတ်တမ်းဝင်ပါတယ်။ ကျန်တာတွေရှာမရသေးပါ။ ကရင်ဖားစည်လို့ဆိုပေမယ့် တကယ်တမ်းဖန်တီးသူလက်မှုပညာရှင်တွေဟာရှမ်းတွေဖြစ်ပါတယ်။ ၁၈၂၀ ဝန်းကျင်လောက်ကစပြီး ရှမ်းလက်မှုပညာရှင်တွေဟာ နွှေဒေါင် (ငွေတောင်) မြို့မှာ လာရောက်အခြေစိုက်နေထိုင်ကာ ဖားစည်သွန်းလုပ်တဲ့လုပ်ငန်း ကိုလုပ်ကိုင်ခဲ့ရာ တစ်မြို့လုံးမီးလောင်ပြာကျသွားတဲ့ ၁၈၈၉ ခုနှစ်အထိဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာဆိုရင် ခရစ်သက္ကရာဇ် ၂ – ၃ ရာစုလောက်ကတည်းကစတင်သွန်းလုပ်သုံးစွဲနေပြီဖြစ်ပါတယ်။ ၎င်းကို ဒေါင်ဆောင်းလို့လူသိများကြပါတယ်။” ဟုဆိုခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဖားစည်သည်ကရင့်အမျိုးသားအလံတော် ထက်တွင်ငွားငွားစွင့်စွင့် နေရာယူထားလျှက်ရှိသကဲ့သို့ ကရင်အမျိုးသားများသည်လည်း ဖားစည်အား၎င်းတို့၏ ဘိုးဘွားမိဘအမွေအနှစ်ပစ္စည်းအဖြစ်လက်ဆင့်ကမ်းထိန်း သိမ်းစောင့်ရှောက်လျှက်နေကြပေသည်။ ဖားစည်နှင့်ကရင်၊ ကရင်နှင့်ဖားစည်သည် လည်းခွဲခြား၍မရစကောင်းသောအရာ အဖြစ်သို့ရောက်ရှိပြီးဖြစ်ပေသည်။

## ၂.၂ ကရင့်ကဗျာလင်္ကာနှင့် ပုံပြင်များအတွင်းရှိဖားစည်များ

ဖားစည်၏မူလဇစ်မြစ်နှင့်ပတ်သက်၍ ကရင်လူမျိုးတို့၏ကဗျာလင်္ကာ၊ တေးသီချင်း၊ ပုံပြင်များအတွင်းတွေ့မြင်နိုင်သည်။ ဖားစည်တီးခတ်အသုံးပြုမှုနှင့်ပတ်သက်၍ ကရင်ဘာသာအားဖြင့်၊

ကျိၣ်ဖိသိၣ်ကဒၢကဒၢ
သါလၢနီၢ်ဂ့ၤတအိၣ်လၢၤ
ကျိၣ်ဖိသိၣ်သါလၢနီၢ်သံ
စီတနုာ်မ့ၤတနုာ်ထံ

မြန်မာလိုအသံထွက်အားဖြင့်၊

ကလိုဖိုးသော်ကဒေးကဒေး
သားလေးနော်ဂေတအိုလေ
ကလိုဖိုးသော်သားလေးနော်သီး
စောတနူမေတနူထီး

မြန်မာလိုအဓိပ္ပာယ်အားဖြင့်–ဖားစည်သံကြားရသောအခါဝယ်နှမလေးမယ့်မှာ ဘဝတစ်ပါးခြားသွားခဲ့ပြီဖြစ်ကြောင်းမောင်ကြီးသိရှိရပါသည်။ ထို့ကြောင့်မောင်ကြီးမှာ ပူဆွေးသောကဗျာပါဒများဖြင့် စားမဝင်သောက်မဝင်ဖြစ်နေရပုံကိုကဗျာလင်္ကာအားဖြင့်လှပစွာဖော်ကြူးထားခြင်းဖြစ်ပါသည်။ အခြားသောကဗျာလင်္ကာတစ်ခုမှာ၊

သါလၢနပှၤကျိၣ်နှၢ်လံ
လိၣ်ဒံးနဆးထိၣ်အပျံၤ

မြန်မာလိုအသံထွက်အားဖြင့်၊

သားလေးနပွေ့ကလိုနေလီး
လိုဒီ့နဆာ့ထော်အပလီ

မြန်မာလိုအဓိပ္ပာယ်အားဖြင့် – ဖားစည်ကိုဝယ်ယူပိုင်ဆိုင်နိုင်ပြီဖြစ်သော်လည်း၊ ဖားစည်အား ချိတ်ဆွဲထားရန်အတွက် ကြိုးချုပ်ဖို့ရန် လိုသေးကြောင်းကဗျာလင်္ကာအားဖြင့် သတိပေးဖော်ပြထားခြင်းဖြစ်ပါသည်။ ဖားစည်အကြောင်းပြောရလျှင်ကရင်လူမျိုးများပြောလေ့ရှိသောဖူးမော်တော်အကြောင်းမပါလျှင်ပြည့်စုံမည်မဟုတ်ပေ။ ပုံပြင်အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်သည်။



**ဖူးမော်တော် (ပုံပြင်)**

ရှေးအခါကသောသီဟုခေါ်သောတောင်တန်းတစ်ခုအပေါ်တွင်ဖူးမော်တော်ဟုခေါ်သောအဖိုးအိုတစ်ဦးနေထိုင်လေသည်။ ထိုအဖိုးအိုတွင်သားသမီး ၇ ဦးထွန်းကားခဲ့ပြီး ၄င်းတို့မှာဖူးစကယ် (ခ) ဖူးစခေကလို၊ ဖူးစခဲး (ခ) ဖူးထော့မဲပါ၊

ဖူးစလသရာ၊ ဖူးထောပလိုဖော၊ နော်တွယ်၊ နော်အဲနာနု နှင့် ဖူးကတို (ခ) ဖူးတ ဒါးတို့ဖြစ်ကြသည်။

ဖူးမော်တော်သည် တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေထိုင် သည်။ တစ်ခုသောမိုးတွင်းကာလတွင် ဖူးမော်တော်၏ယာခင်းထဲသို့ တောဝက် တစ်အုပ်ဝင်ရောက်ဖျက်ဆီးနေလေသည်။ ထိုအခါဖူးမော်တော် သည်လွန်စွာစိတ် ဆိုးသွားပြီး တောဝက်များကိုသတ်ရန်လိုက်လေရာ နောက်ဆုံးတွင်တောဝက်အ သိုက်ကိုတွေ့ရလေသည်။ ထို့နောက် ဖူးမော်တော်သည်ထိုတောဝက်အားထိုး သတ်လိုက်ပြီး အိမ်ရှိ၎င်း၏သား၊ သမီးများအား ဝက်အသေကောင်ကိုသယ် ဆောင်လာခဲ့ရန်ပြောလေသည်။ ဖူးမော်တော်၏သား၊ သမီးများသည် ၎င်းတို့ ဖခင်ညွှန်ပြရာနေရာသို့ရောက်သောအခါ ဝက်သေကောင်ကိုမတွေ့ဘဲဖြစ်နေလေ သည်။ နောက်ဆုံးတွင် ဖူးမော်တော်ကိုယ်တိုင်လာမှ ၎င်းဝက်သေကောင်တွင် ဘော်ငွေရောင်ကဲ့သို့ဖြူဖွေးတောက်ပနေသောအစွယ်တစ်ချောင်းနှင့်ရွှေကဲ့သို့ဝင်း လက်တောက်ပသောအ စွယ်တစ်ချောင်းကို တွေ့ရှိရလေသည်။ နောက်ပိုင်းတွင် ထိုနေရာ၌ တောဝက်များနှောင့်ယှက်လွန်းအားကြီးသောကြောင့် ဖူးမော်တော် အနေဖြင့် သောသီခိုအရပ်မှထွက်ခွာ၍ အရှေ့အရပ်ရှိ နေရာအသစ်တနေရာ၌ သွားရောက်နေထိုင်လေ၏။ ထိုနေရာအသစ်၌လည်း တောင်ယာလုပ်ငန်းဖြင့်အ သက်မွေးဝမ်းကြောင်းပြု၍ နေထိုင်ပြန်လေသည်။ သို့သော်၊ ထိုနေရာ၌လည်း မျောက်များက နှစ်စဉ်နှစ်တိုင်းယာခင်းအတွင်းသို့ ဝင်ရောက်နှောက်ယှက်ဖျက် ဆီးမှုများနှင့်တွေ့ကြုံရပြန်လေသည်။ စပါးရိတ်သိမ်းပြီး ကျီအတွင်းစုသိမ်းသောအ ခါမျောက်များသာမက “ဖူးထောနာသရဲ”၏သား၊ သမီးများသည်လည်းသည် ကျီ အတွင်းရှိစပါးများအားလာရောက်စားသောက်ကြလေသည်။ ဖူးထောနာသရဲ သည် ဖူးမော်တော်နှင့်အိမ်နီးနားချင်း တစ်ယောက်ဖြစ်ပြီး ဖားစည်သွန်းလုပ်တတ် သောသူတစ်ဦးဖြစ်သည်။ ဖူးထောသနာသရဲနှင့် သူ၏အိမ်သူအိမ်သားများအား လုံးသည်မျောက်များကဲ့သို့အမြီးများပါရှိသောကြောင့် အချို့သောသူများက ဖူး မော်တော်သည်ဖားစည်ကိုမျောက်များထံမှရရှိသည်ဟုပြောလေ့ရှိကြသည်။ တစ် နေ့သောအခါဖူးမော်တော်သည်စပါးကျီအတွင်းသွားရောက်ကြည့်ရှုရာ စပါးများ

လျှော့နေသည်သာမက စပါးပုံပေါ် တွင်လူကဲ့သို့သောခြေရာများကိုပါတွေ့ရှိရလေသည်။ စပါးလာခိုးသောသူများအားဖမ်းဆီးရန် ဖူးမော်တော်သည်အကြံအစည်တစ်ခုထုတ်လေ၏။ နောက်နေ့တွင်ပိုးတုံးလုံးကောင်တစ်ကောင်အားနှစ်ပိုင်းဖြတ်ကာ၊ နှာခေါင်းဝတွင်တော့ထားပြီး လူသေဟန်ဆောင်၍ စပါးပုံထက်တွင်လှဲအိပ်နေလေသည်။ နေလုံးသည်ထန်းတဖျား ခန့်အမြင့်ရှိသောအခါ သူ့ထံသို့ဦးတည်လာနေသောလူရိုင်းတစ်အုပ်ကိုတွေ့ရှိရလေသည်။ ထိုလူများသည် ဖူးမော်တော်အားအနီးကပ်ကြည့်ရှုကြပြီးနောက် ပိုးထိ၍သေဆုံးသည်ဟုယူဆကြလေ၏။ ထိုအခါအချင်းချင်းတိုင်ပင်လျှက် ၎င်းတို့နေရပ်သို့ သယ်ဆောင်သွားရန်ဆုံးဖြတ်ပြီး လျှင်ပိုချင်း၊ တေးကဗျာတို့အပြင်စည်များတီးခတ်၍ အသုဘအခမ်းအနားပြုလုပ်ပေးရန်ဆောင်ယူသွားလေသည်။

၎င်းတို့၏နေရပ်ဖြစ်သောကျောက်ကုတင်သို့ရောက်သောအခါ ဖူးထောနာသရဲကသူ၏လူများအား ကလိုဘောခေါ်ဖော၊ ကလိုဂေါ်ထူး၊ ဂေါ်ကလိုစေးတို့ကိုအစီအရီချထားစေပြီး ၎င်း၏နေရာ၌ထိုင်ပြီးဤသို့ရွတ်ဆိုလေ၏။

ထုးထိဉ်ကျိဉ်ခဲလၢာ်ခဲဆ့

အိဉ်တ့ၢ်ကျိဉ်ဝါပီၤကူစ့

မြန်မာလိုအသံထွက်အားဖြင့်

ထုထော်ကလိုခဲလယ်ခဲဆေး

အိုတေကလိုဝါးပေ့ါကူးစေး

မြန်မာလိုအဓိပ္ပာယ်အားဖြင့် – ဖားစည်အားလုံးကိုယူဆောင်လာပြီးသော်လည်း ကလိုဝါးပေ့ါကူးစေးဟုခေါ်သောဖားစည် ကျန်ရှိသေးကြောင်းလက်ာအားဖြင့်ရွတ်ဆိုခြင်းဖြစ်သည်။ ထိုအခါ ဖူးမော်တော်သည်ဖူးထောနာသဲ၌ ဖားစည်လေးလုံးရှိကြောင်းသိရှိသွားပြီး ထိုဖားစည်များအားမည်သို့မည်ပုံအရယူရမည်ဟူ၍ကြိတ်၍ကြံစည်လေ၏။ ဖူးထောနာသရဲ၏သားသမီးများက ကလိုဝါးပေ့ါကူးစေးဟုခေါ်သောအဖြူရောင် ဖားစည်အားဆောင်ယူလာကြစဉ်တွင် ကျောက်နံရံများနှင့်ထိခိုက်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအဖြူရောင်ငွေဖားစည်သည် လွန်စွာကြီးမားလှသောကြောင့်ဖြစ်သည်။ အဖြူရောင်ဖားစည်ရောက်လာသောအခါ

ဝိုချင်းအားအောက်ပါအတိုင်းကျူးကြေလေသည်။

လဲၤအီၣ်ဖုမိၢ်တီၢ်အဘု
ဖုမိၢ်တီၢ်သံသဒၣ်ပုၤ
စံၣ်စကီၤဝၢ်ဟုဝၢ်ဟု
ဇၢ်ဇုၤ..ဇၢ်ဇုၤ..ဇၢ်..ဇုၤ

မြန်မာလိုအသံထွက်အားဖြင့်၊

လဲ့အော်ဖူးမော်တော်အဘူး
ဖူးမော်တော်သံသဒါပု
စီစကော့ဝါဟူးဝါဟူး
စာဝု .... စာဝု...စာ...ဝု

မြန်မာလိုအဓိပ္ပာယ်အားဖြင့် – ဖူးမော်တော်စပါးကို ဒို့သွားစားတယ်။ ဖူးမော်တော်မှာသေဆုံးနှင့်ပြီဖြစ်သည်။ ဟိုမှသည် ခုန်ဆွခုန်ဆွသွားသည်ဟူ၍ဖြစ်လေသည်။ ညနေပိုင်းအချိန်ရောက်သောအခါ အမျိုးသမီး၊ အမျိုးသားများအားလုံးတေး သီချင်း၊ ကဗျာလင်္ကာများအားဖြင့်ကျူးကြေလေသည်။ ၎င်းတို့အထဲမှနော်ဝါးမိုအမည်ရှိ အမျိုးသမီးတစ်ဦးကသူမ၏ ကာယအလှ နှင့်ပတ်သက်၍သူမ၏အလှနှင့်အမြီးရှည်ပုံတို့ကိုကဗျာလင်္ကာအားဖြင့်သီကျူးစဉ်ဖူးထော်နာသရဲမှစင်ပေါ်သို့တက်လာပြီး သူမနှင့်ကဗျာလင်္ကာအားအောက်ပါအတိုင်းအပြိုင်သီကျူးလေ၏။

နီၢ်ဝါမိၢ်စံးသါမဲၢ်ထီ
စံးအမဲၢ်ထီ, ယမဲၢ်ထီ

မြန်မာလိုအသံထွက်အားဖြင့်၊

နော်ဝါးမိုစိသားမယ်ထော
စိအမယ်ထော၊ ယမယ်ထော

မြန်မာလိုအဓိပ္ပာယ်အားဖြင့် – နော်ဝါးမိုကသူမ၏အမြီးရှည်လှပုံနှင့်ပတ်သက်၍အငြင်းပွားလေ၏။ ထို့ကြောင့် ဖူးထောနာသရဲကလည်း သူ၏တစ်ထွာသာသာခန့်ရှိသောအမြီးကိုပွတ်သတ်ကိုင်တွယ်၍ တစ်ထောင်ခန့်အရှည်ရှိပုံကိုဖြင့်ကဗျာလင်္ကာအား ဖြင့်သီကျူးလေရာကြိတ်၍နားထောင်နေသူ ဖူးမော်တော်မှာရယ်ချင်

စိတ်ကိုအောင့်အီးခြင်းငှာမတတ်သာတော့သဖြင့် “မင်းတို့ ဘာတွေလုပ်နေကြတာလဲ” ဟုဆိုလေရာ လူသေစကားပြောသည်ကိုမြင်သည့်အထင်နှင့်ကြောက်လန့်တကြား ဖြင့်အားလုံးထွက်ပြေးကြလေ၏။ ဖူးမော်တော်က “ဤအရပ်၊ ဤဒေသကိုအုပ်စိုးသော သင်တို့၏အရှင်သခင်၊ သင်တို့၏ခေါင်းဆောင်မည်သူနည်း။ ထွက်လာလော့” ဟုဆိုလေသည်။

ထိုအခါ ဖူးထောနာသရဲက လူအုပ်ကြားမှထွက်လာ၍နူးညံ့ချိုသာသောစကားအားဖြင့် “ဤအရပ်၊ ဤဒေသကိုအုပ်စိုးသောရှင်သခင်၊ ခေါင်းဆောင်မှာ ကျွန်ုပ်ပင်ဖြစ်ချေသည်။ အသင်ပြောစရာများရှိပါကပြောပါလော့” ဟူ၍ဆိုလေသည်။ ဖူးမော်တော်က “သင်တို့သည်ငှါဆန်စပါးတို့ကို နှစ်စဉ်နှစ်တိုင်းလာရောက်ယူငင်စားသောက်ကြ၏။ ယခုမူကားသင်တို့သည်ငှါအားလူ သေကောင်ကဲ့သို့သဘောထားကာပြုမူကြလေသည်တကား။ ဤသို့ပြုမူခြင်းငှာသင့်လျော်ပါ၏လော” ဟုမေးလေသည်။

ထိုအခါ ဖူးထောနာသရဲက“ခွင့်လွှတ်ပါမိတ်ဆွေ။ သွေးမကောင်းတော့ဆံပင်ဖြူသလို၊ သားသမီးမကောင်းတော့ မိဘခေါင်း၊ ကျွန်မကောင်းတော့သခင့်ခေါင်းဖြစ်ပေသမို့၊ သင့်အားမည်သို့မည်ပုံမပြောလိုတော့ပါ” ဟုပြန်ပြောလေသည်။ ဖူးထောနာသဲ၏ပြန်ပြောချက်ကိုကြားရသောအခါ ဖူးမော်တော်က “ရှေးယခင်ကတည်းကထုံးစံရှိသည်အတိုင်း၊ လူသေကောင်အနီးတွင် ထားရှိသောအရာမှန်သမျှတို့သည်ထိုလူသေနှင့်သက်ဆိုင်သည်ဟုမှတ်ယူသကဲ့သို့၊ ယခုမူကားငှါအား လူသေကဲ့သို့မှတ်ယူ၍ ငါ၏အနီး၌ထားရှိသောဖားစည်လေးလုံးနှင့်တကွ အခြားသောအရာဝတ္ထုပစ္စည်းအားလုံးတို့အား ငါပိုင်သည်” ဟုဆိုလေ၏။ နောက်ဆုံးတွင်ဖူးထောနာသရဲအနေဖြင့်ပြောစရာစကားတို့မရှိပြီဖြစ်ရကား “ကောင်းပြီ။ ဆိုခဲ့မြဲစေဆိုသည့်အတိုင်း၊ ဖားစည်လေးလုံးနှင့်တကွ အနီးအဝန်းရှိပစ္စည်းအစုစုတို့ သည်မိတ်ဆွေနှင့်သာသက်ဆိုင်ပါသည်။” ဟုပြောဆိုပြီး သူ၏တပည့်သားမြေးတို့အားဖားစည်လေးလုံးနှင့်တကွ၊ ပစ္စည်းအစုစုတို့အား ဖူးမော်တော်နေရာအရပ်သို့သွား ရောက်ပို့ဆောင်စေလေသည်။ သားသမီးတို့ပြုလုပ်သောထိုဖြစ်ရပ်ကြောင့်

ဖူးထောနာသရဲမှာ များစွာအရှက်ရသွားပြီး ကော်မူယူ (ယခုအခေါ် – ထိုင်းနိုင်ငံ အတွင်းရှိ မယ်စရီးယန်းအရပ်) သို့သွားရောက်နေထိုင်၍ဖားစည်သွန်းလုပ်ခြင်း အတတ်ဖြင့် အသက်မွေး ဝမ်းကြောင်းပြုလေသည်။ ထိုအရပ်တွင်သွန်းလုပ်သော ဖားစည်များတွင်ရုပ်ပုံများထည့်သွင်း၍ သူ၏သားသမီးများ အားသွန်သင်ဆုံးမမှု ပြုလေသည်။

ဖူးထောနာသဲနှင့်ပတ်သက်၍ ဖူးတောအူးရေးသားသော "ကရင့်ဖားစည်များအ ကြောင်းလေ့လာခြင်း" အမည်ရှိစာအုပ်တွင်ဖူးထောနာသရဲနှင့်သူ၏အိမ်သူအိမ် သားများသည် မျောက်များကဲ့သို့အမြီးရှိခြင်းကိုလိုလားကြသဖြင့် ယခုလီဆူးနှင့် လီရှောလူမျိုးများပိတ်စဖြင့်အမြီးပြုလုပ်သကဲ့သို့ ပိတ်စဖြင့် အမြီးပြုလုပ်သောအ လေ့အထများရှိလာခဲ့သည်ဟုဖော်ပြပါရှိလေသည်။ ထိုအကြောင်းအရာကိုကဗျာ လင်္ကာအားဖြင့်၊

ကျိဉ်ပိဉ်ဖိဉ်လၢယှၢ်အီဉ်ကၢ၊
မ့ၢ်လီၤမၢ်လၢယှၢ်အဘၢ၊
ယှၢ်ကစၢ်လဲၤဟီဉ်လဲၤယၢၤ

မြန်မာလိုအသံထွက်အားဖြင့်၊

ကလိုပိုဒိုလေးယူအော်ကေး
မေလော့မာလေးယူအာဘိုး
ယူကစာလယ်ဟော်လယ်ယေ့

ဟူ၍လည်းဆိုထားပါသည်။ ဂေါ်ကဝေါစေး၊ ဂေါ်ကဝေါထူး၊ ဂေါ်ဘောခေါ်ဖောနှင့် အဖြူရောင်ဖားစည်များအကြောင်းပြောသော အခါတွင် ထိုဖားစည်များကိုဖူး မော်တော်သည် ဖူးထောနာသဲ (မျောက်များ)ထံမှရရှိခဲ့သည်ဟုဆိုလေ့ရှိကြသည်။ ထို့အတူ ရစ်ချက်အမ်ကိုလာ၏စာအုပ်အတွင်းရှိ ဖူးတောအူးရေးသားသောအ ကြောင်းအရာကို ပြန်လည်ဖော်ပြရာတွင် ဖားစည်သည်မျောက်များနှင့်မပတ် သက်ပေ။ သို့သော် အဝတ်အထည်များတွင် ချည်စချည်ထည်များဖြင့်အမွေးအ မျှင်များဆင်ယင်တတ်သောတောင်ပေါ်လူမျိုးတစ်မျိုးဖြစ်ပြီး "အမြီးကဲ့သို့သောအ ဆင်အယင်များ" ပါရှိကြောင်း၊ သို့သော်ယခုခေတ်လီဆူးလူးမျိုးများဝတ်ဆင်လေ့

ရှိသောရိုးရာအဝတ်အဆင်မျိုးလည်းမဟုတ်ကြောင်းဖော်ပြပါရှိသည်။

အထက်ပါအချင်းအရာတို့ကိုထောက်ရှုခြင်းအားဖြင့် ဖားစည်ကို အသုဘအခမ်းအနားများတွင်အသုံးပြုလေ့ရှိကြောင်းနှင့် ကရင်လူမျိုးများသည် ၄င်းယဉ်ကျေးမှုအစဉ်အလာတို့ကို ၂၀ ရာစုထိတိုင်အောင်အသုံးပြုလေ့ရှိခဲ့ကြောင်း တွေ့ရှိရပေမည်။

## ၂. ၃ ဖားစည်သွန်းလုပ်ခြင်း

ဖားစည်ကိုအဖိုးတန်ပစ္စည်းများဖြစ်သော ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲတို့ဖြင့်သွန်းလုပ်လေ့ရှိသည်။ ထို့အပြင်ဖားစည်ထက်တွင် လက်ရာမြောက်စွာဖန်တီးထားသော ရုပ်ပုံများဖြင့်အလှဆင်ယင်ထားသည်။ ရှေးအခါက ဖားစည်သုံးဆယ်၊ မောင်းသုံးဆယ်ပိုင်ဆိုင်သူကို သူဌေးသူကြွယ်အဖြစ်လည်းကောင်း၊ အကြီးအကဲအဖြစ်လူအများတို့၏ရှိသေလေးစားမှုတို့ကိုခံရကြသည်။ ထိုခေတ်ထိုအချိန်ကထိုသို့သောလူများသည် ထိုင်းနိုင်ငံ၊ ကျွန်များစွာကိုဝယ်ယူနိုင်ရလောက်အောင် ဓနအင်အားတောင့်တင်းကြပြီး၊ လူများအနေဖြင့်၄င်းတို့၏စကားကိုနာယူမှုပြုကြလေသည်။ ကရင်လူမျိုးထဲတွင် ဖားစည်ကို လက်ဝယ်မပိုင်ဆိုင်သောသူကိုငွေရှင်ကြေးရှင် ဓနအင်အားတောင့်တင်းသူအဖြစ်မသတ်မှတ်ကြချေ။

တီးနိုး၊ နော်လားပွယ်တို့ရေးသားသော ကရင့်ဖားစည်အကြောင်းတွင်မူ၊ ဖားစည်သွန်းလုပ်ခြင်းကို အမျိုးသားများသာမက အမျိုးသမီးများပါ သွန်းလုပ်လေ့ရှိကြောင်းရေးသားဖော်ပြကြသည်။ ထို့အပြင်၊ အမျိုးသမီးများသွန်းလုပ်သောဖားစည်မှာ အမျိုးသားများသွန်းလုပ်သောဖားစည်ထက် ပိုမို၍လက်ရာမြောက်လှကြောင်းလည်းအဆိုလေ့ရှိသည်။ ဖားစည်သွန်းလုပ်ရန်အတွက်ရှေးဦးစွာ နေရာရွေးချယ်မှုပြုကြသည်။ ထိုနေရာသည်ရွာအပြင်ဘက် လူသွားလူလာနည်းသောအရပ်ဖြစ်ရမည်ဖြစ်ပြီး ဆိတ်ညံသောနေရာကိုရွေးချယ်လေ့ရှိကြသည်။ ထို့နောက်ဖားစည်သွန်းလုပ်ရန် လိုအပ်သောပစ္စည်းပစ္စယနှင့် ရိက္ခာတို့ကိုစုဆောင်းပြီးရွေး



*ပုံ (၃) ဖားစည်သွန်းလုပ်ရာနေရာ၊ ကယားပြည်နယ်၊ ငွေတောင်*

ချယ်သတ်မှတ်ထားသော နေရာသို့သွားရောက်၍ ဖားစည်သွန်းလုပ်ကြသည်။ ဖားစည်သွန်းလုပ်စဉ်တွင် သက်သက်လွတ်စားကြရသည်။ အမျိုးသမီးများဖားစည်သွန်းလုပ်သောနေရာသို့အမျိုးသားများသွားရောက်ခွင့်မရှိသလို၊ အမျိုးသားများဖားစည်သွန်းလုပ်သောနေရာသို့ အမျိုးသမီးများသွားရောက်ခွင့်မရှိပေ။ အကယ်၍သွားရောက်ပါက ဖားစည်အသံပျက်တတ်သည်ဟုအယူရှိကြသည်။ ဖားစည်သွန်းလုပ်ပြီးသောအခါတွင်လည်းကွမ်း၊ ဆေး၊ လက်ဖက်နှင့် အရက်တို့ဖြင့်ပူဇော်ပသပြီးဖားစည်ကိုအသက်သွင်းရသည်။

ဖားစည်သွန်းလုပ်သောအုပ်စုခေါင်းဆောင်သည် ဖားစည်တွင်ပါဝင်သော ရွှေ၊ ငွေ၊ ကြေးစသည်တို့အပြင် ဖားစည်မျက်နှာပြင်ရှိ နေမင်းရောင်ခြည်၊ ဖား၊ ဆင်၊ ငါး၊ ပန်းရုပ်ပုံများနှင့်အခြားသောအရာတို့အားမှတ်သားထားရသည်။  ဖားစည်ကိုအသက်သွင်းသောအခါ နံနက်စောစောဝေလီဝေလင်းအချိန်တွင်ပြုလုပ်လေ့ရှိသည်။ ထိုသို့ပြုလုပ်မှသာ ဖားစည်အသက်ဝင် သည်ဟုအယူရှိကြသည်။

ရှေးအခါကဖားစည်သွန်းလုပ်သူအများကို အုပ်စု (၃) စုအနေဖြင့်တွေ့ရှိရသည်။

၄င်းတို့မှာ ယူအမျိုးသမီးနှင့်အမျိုးသား များသွန်းလုပ်သောဖားစည်၊ ကဝါအမျိုးသမီးနှင့်အမျိုးသားများသွန်းလုပ်သောဖားစည်၊ ရှဝေအမျိုးသမီးနှင့်အမျိုးသားများသွန်းလုပ်သောဖားစည်ဟူ၍ဖြစ်သည်။ ထို့အတူ၊ ၄င်းဖားစည်များ၏အမည်ကိုလည်း –

ကလိုယူမူ၊ ကလိုယူခွါး (ကော်မူယူ မဲခေါင်မြစ်ဖျားဒေသရှိ အမျိုးသမီးနှင့်အမျိုးသားများသွန်းလုပ်သောဖားစည်)
ကလိုကဝါမူ၊ ကလိုကဝါခွါး (ကဝါ–ယခုအခေါ် “ဝ”ပြည် ရှိအမျိုးသမီးနှင့်အမျိုးသားများသွန်းလုပ်သောဖားစည်)
ကလိုရှဝေမူ၊ ကလိုရှဝေခွါး (ရှဝေအမျိုးသမီးနှင့် အမျိုးသားများသွန်းလုပ်သောဖားစည်) တို့ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ၊ ကရင်အမျိုးသားများသည်ဖားစည်ကိုစတင်အသုံးပြုချိန်မှစ၍မျက်မှောက်ကာလအထိဟက်ဂါ – ၃ (Heger type- 3) အမျိုးအစား ကရင့်ဖားစည်ကိုမည်သည့်အချိန်က မည်သူတို့စတင်သွန်းလုပ်ခဲ့ကြသည်ကိုမူအတိအကျဖော်ပြနိုင်ခြင်းမရှိသေးပေ။ မြန်မာ့သမိုင်း အထောက်အထားအချက်အလက်များအရ ဖားစည်အသုံးပြုမှုကိုကျောက်စာများနှင့် ၁၁ ရာစုနှင့် ၁၂ ရာစုနှစ်များအတွင်း၌လည်းဖားစည်ကို မြန်မာနှင့်မွန်တရားရုံးများအတွင်း အသုံးပြုခဲ့ကြောင်းသိရှိရသည်။ “စည်” ဟူသောအသုံးအနှုန်းကိုရှေးခေတ်ကျောက်စာများတွင်ဖော်ပြပါရှိသောကြောင့် ရစ်ချက်အမ်ကိုလာ၏စာအုပ်အတွင်းတွင်လည်းထိုအကြောင်းကိုအကျယ်တဝင့်ရေးသားဖော်ပြထားသည်ကိုတွေ့ရှိရပေသည်။

ထိုအကြောင်း အရာနှင့်ပတ်သက်၍ သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက – "Professor Dr. Richard M. Cooler" ရဲ့အဆိုကိုမဟုတ်ဘူးလို့ပြောရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူရည်ညွှန်းတဲ့ မနုဟာကျောက်စာဟာ ပုဂံခေတ်ပြိုင်မှတ်တမ်း(Contemporary Record)မဟုတ်ပါ။ မူလထိုးကျောက်စာမဟုတ်ပါ။ ဘိုးတော်ခေတ်လောက် မှာရေးထိုး ထားတဲ့ဆင့်ထိုးကျောက်စာဖြစ်ပါတယ်။ ၁၁ ရာစုပုဂံ

ခေတ်စကားလုံး၊ အရေးအသားမျိုးမဟုတ်ပါ။"

## ၂. ၄ ဖားစည်သွန်းလုပ်ခြင်းအဆင့်ဆင့်

ဖားစည်သွန်းလုပ်ခြင်းနှင့်ပတ်သက်၍ ဖူးတောအူး၊ ကယားဦးစိန်၊ ကယားခင်မောင်စန်း၊ တီးနိုးနှင့်ကရင့်ရိုးရာယဉ်ကျေးမှုလက်စွဲစာအုပ် တို့တွင်ဖော်ပြထားသော်လည်းအပြည့်အစုံဖော်ပြထားခြင်းမျိုးမဟုတ်ပေ။ မျက်မှောက်ကာလ၌ ဖားစည်သွန်းလုပ်ရာအရပ်များမရှိ တော့ခြင်းကြောင့် ဖားစည်သွန်းလုပ်ပုံအဆင့်ဆင့်အကြောင်းကိုလေ့လာမှုပြုရန်မှာ လွန်စွာခက်ခဲလှပေသည်။ ထို့ကြောင့်၊ စာအုပ်စာပေများကိုသာ အားထားလျက် အောက်ပါအတိုင်းရေးသားဖော်ပြအပ်ပေသည်။

၁၉၀၁ ခုနှစ်တွင် "စကော့" က၊ ဖားစည်မသွန်းလုပ်မီ ရေးဦးစွာရွှံ့စေးမြေကိုယူပြီးဆုံလည်ပေါ်တွင် တစ်ပတ်ပြီးတစ်ပတ်လှည့်စေပြီး ဖားစည် သဏ္ဍာန်ဖြစ်ပေါ်အောင်ပြုလုပ်ပေးရသည်။ ဖားစည်ပုံသဏ္ဍာန်ဖြစ်ပေါ်လာသောအခါ အရိပ်အောက်တွင် ခြောက်သွေ့သည်အထိထားပါ။ ပျားဖယောင်းချပ်များကို ချိန်တွယ်ပြီး၊ ထိုပျားဖယောင်းချပ်များကို ပုံဖော်ရွှံ့စေးမြေပေါ်တွင် အချပ်လိုက်ကပ်ပါ။ ထိုနောက်၊ ဖား၊ ဆင်နှင့် အခြားသောရုပ်ပုံများကို ဆုံလည်ယယ်များပေါ်တွင် သွန်းလုပ်ပါ။ ၄င်းရုပ်ပုံများအားလုံးသည် ဖားစည်ထက်တွင်ကပ်ရန်ဖြစ်သည်။ ရုပ်ပုံများကပ်ပြီးသောအခါ အပေါ်တွင်ရွှံ့ဖြင့်ဖုံးအုပ်ပါ။ အထက်ပါဆင့်များပြီးဆုံးသောအခါတွင် ဖားစည်သွန်းလုပ်ရန်ပုံတူပြုလုပ်ပြီးစီးပြီဖြစ်ပါသည်။

ဖားစည်ပုံတူ၏ ထောင့်လေးထောင့်တွင်ကြေးသွန်းရန်အတွက် အပေါက်ငယ် ၄ ပေါက်ထားရှိပါ။ အောက်ပိုင်းရှိအပေါက်ငယ်သည် ပျားဖယောင်းများပျော်အရည်ပျော်ဝင်စီးထွက်သွားစေရန်အတွက်ဖြစ်သည်။ ဖားစည်ပုံတူကို ဖိုသွင်း၍မီးဖုတ်ပါ။ ပျားဖယောင်းများ အရည်ပျော်စီးဆင်းသွားပြီးပါက၊ ဖားစည်ပုံတူကို ဖိုတွင်းမှထုတ်ယူ၍ သံရည်ပူကျိုသော နေရာအနီးတွင်ထားပါ။ သံရည်ပူကိုသွန်းထည့်

သောအခါ ပထမအကြိမ်တွင် ဖားစည်၏နှုတ်ခမ်းဝနှင့်ဘေးဘက် နှစ်လက်မခန့် အထိသာသွန်းလောင်းပါ။ ဒုတိယအကြိမ်သွန်းသောအခါ မှဖားစည်တစ်ခုလုံး အပြည့်သွန်းလောင်းရမည်ဖြစ်သည်။ သံရည်ပူများအေးသွားသောအခါတွင်၊ အ သံသာယာခြင်းရှိစေရန် ဖားစည်၏မျက်နှာပြင်ကို ပါးအောင်ပြုလုပ်ရမည်ဖြစ် သည်။ ထိုသို့ပါးအောင်ပြုလုပ်ရန်အတွက် ကျွမ်းကျင်သူများဖြစ်ရန်လိုအပ်သည်။ ဖားစည်မျက်နှာပြင်ပါးအောင်ပြုလုပ်ရာတွင် ဖားစည်၏အတွင်းပိုင်းမှနေ၍ မျက် နှာပြင်ပါးလွှာအောင်ခြစ်ထုတ်ရခြင်းဖြစ်ပါသည်။

ရစ်ချက်အမ်ကိုလာ၏ "The Karen Bronze Drum Of Burma" တွင် ၁၉၇၄ ခုနှစ်တွင် မန္တလေးတိုင်းအတွင်းရှိ ဖားစည်သွန်းလုပ်ရာ နေရာတခုသို့ ၎င်းကိုယ် တိုင်သွားရောက်ခဲ့ပြီး အသေးစိတ်ကို၍သို့ဖော်ပြခဲ့သည်။ ထိုနေရာတွင် ဗမာအ မျိုးသားတစ်ဦးက ၎င်းကိုဖားစည်သွန်းလုပ်ပုံအဆင့်ဆင့်ကိုပြသခဲ့ရာ အထက် တွင် "စကော့" ဖော်ပြခဲ့သည့်အတိုင်းပင်ဖြစ်သည်။ ဖားစည်သွန်းလုပ်ခြင်းနှင့် ပတ်သက်၍မေးမြန်းသောအခါတွင် ၎င်းဗမာအမျိုးသားက ဖားစည်သွန်းလုပ်ခြင်း အတတ်ကို ကရင်အမျိုးသားများထံမှ တတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ကရင့် ဖားစည်သွန်းလုပ်ပုံအဆင့်ဆင့်တို့ကိုပါ သွန်းလုပ်ပြခဲ့ကြောင်း ရစ်ချက်အမ်ကိုလာ ကဆိုသည်။ ၎င်းဖားစည်သွန်းလုပ်ခြင်းအတတ် နှင့်ပတ်သက်၍ ရက်သတ္တ ၆ ပတ်ခန့်လေ့လာမှုပြုခဲ့ကြောင်းဆို၏။ ထိုကာလအတွင်း၊ ရစ်ချက်အမ်ကိုလာ၏ လေ့လာမှတ်သားမှုအဆင့်ဆင့်မှာ အောက်ဖော်ပြပါအတိုင်းပင်ဖြစ်သည်။

## ဖားစည်သွန်းလုပ်ရန်အတွက်ရွှံ့စေးမြေ

- ဖားစည်သွန်းလုပ်ရန်အတွက် ရေးဦးစွာရွှံ့စေးမြေဖြင့်ဖားစည်ပုံစံခွက်ပြုလုပ်ရ မည်ဖြစ်ပါသည်။ ထိုသို့ပုံစံခွက်ပြုလုပ်ရန်အတွက် ရွှံ့စေးနှင့် ဖွဲမှုန့်တို့ကိုအသုံး ပြုရသည်။ ရွှံ့စေးအမျိုးအစားမှာလည်း အိုးဖုတ်ရာတွင်သုံးသောရွှံ့စေးမြေအ မျိုးအစားဖြစ်ရမည်။
- ထိုရွှံ့စေးမြေကို ဆုံလည်တွင်ခုံပေါ်တွင်ထားပြီး ဖားစည်သဏ္ဍာန်ဖြစ်ပေါ်လာစေ

ရန် လက်ဖြင့်သေချာစွာအချောသတ်ရမည်။

- ဖားစည်သဏ္ဍာန်ဖြစ်ပေါ်လာပြီးနောက် ၄င်းကိုအရိပ်အောက်တွင်သွေ့ခြောက်သည်အထိထားရမည်။ နေလှန်းခြင်းမပြုရပေ။ နေလှန်းသောအခါတွင် ရွှံ့မြေလျှင်မြန်စွာ သွေ့ခြောက်နိုင်သော်လည်း၊ ရွှံ့မြေအက်ကွဲသွားတတ်သောကြောင့်ဖြစ်သည်။
- ရွှံ့မြေဖြင့်ပြုလုပ်ထားသော ဖားစည်ပုံစံခွက်သင့်တင့်ရုံမျှ ခြောက်သွားသောအခါ၊ သစ်သားနှစ်ချောင်းကိုယူ၍ ကြက်ခြေခတ်သဏ္ဍာန်ပြုလုပ်ပါ။ ၄င်းကြက်ခြေခတ်အလယ်တည့်တည့်တွင်ဝင်ရိုးတစ်ခုထည့်သွင်းထားနိုင်ရန်အပေါက်ဖောက်ထားပါ။ ကြက်ခြေခတ်သဏ္ဍာန်အတွင်းသို့ ဝင်ရိုးထည့်သွင်းပြီးသောအခါ ဖားစည်ပုံစံခွက်ကို ဝင်ရိုးအလယ် တည့်တည့်အနေအထားဖြင့်ထားရှိပါ။ ဝင်ရိုး၏အစွန်းတဖက်တွင် လက်ဖြင့်ကိုင်လှည့်နိုင်ရန် လက်ကိုင်တစ်ခုပြုလုပ်ထားပါ။ ထို့နောက်ဓားမြောင်တစ်ချောင်းကိုယူ၍ ဖားစည်ပုံစံခွက်ချောမွေ့စေရန်ပြုလုပ်ပါ။ မျက်နှာပြင်ထက်တွင် ရုပ်ပုံများပြုလုပ်သော အခါတွင်လည်း ဝင်ရိုးကိုလှည့်၍အသုံးပြုသည်။
- သင့်လျော်သောပုံသဏ္ဍာန်ရရှိပြီးနောက်၊ မြင်းချေးဖြင့်ရောစပ်ထားသောအဝါရောင်ရွှံ့စေးမြေဖြင့်အပေါ်တွင် ထပ်လျက်ဖုံးအုပ် ပေးရမည်ဖြစ်ပါသည်။ ထို့နောက်နေရိပ်အောက်တွင် ခြောက်သွေ့သည်အထိထားရမည်ဖြစ်သည်။
- ခြောက်သွေ့သွားသောအခါမျက်နှာပြင်တစ်လျောက်ကို ထမင်းရည်ဖြင့်သုတ်လိမ်းပေးရသည်။ သို့မှသာ ပျားဖယောင်းချပ်များကပ်သောအခါတွင်ကွာကျမသွားမည်ဖြစ်သည်။

## ပျားဖယောင်းများအားပြင်ဆင်ခြင်း

ဒုတိယအဆင့်အနေဖြင့် လုပ်ဆောင်ရန်မှာ ပျားဖယောင်းအားအသင့်ပြင်ဆင်ခြင်းပင်ဖြစ်သည်။

- ရှေးဦးစွာ ပွဲညက် ဆယ်ပုံတွင်၊ ရေနံ ၇ ပုံ၊ ခွာတ်ဆီ ၄ ပုံ ပြင်ဆင်ထားရှိပါ။
- ပွဲညက်ကိုမီးအပူပေးပြီးသောအခါတွင် ဖယောင်းရည်ထည့်ပါ။ နောက်ဆုံးတွင်

ခေတ်ဆီကိုထည့်ရမည်ဖြစ်သည်။ ၎င်းဆီသည် ပျားဖယောင်းအား ရွှံ့စေးမြေနှင့် စေးကပ်နေစေရန်အတွက်ဖြစ်သည်။ အားလုံးကို သမအောင်မွှေပြီးသောအခါ တွင်ရေအေးဖြင့်လောင်းထည့်ပါ။ ထို့နောက် အေးခဲသွားသောအခါတွင် အချပ် လိုက်ဖြစ်အောင်ပြုလုပ်ပါ။

- အသုံးပြုချိန်ရောက်သောအခါ၊ ပျားဖယောင်းချပ်အားအပူပေး၍ ဒလိမ့်တုံးဖြင့် လှိမ့်ပေးပါ။ ထိုသို့ပြုလုပ်သောအခါတွင် လက်တွင်စေးကပ်မနေစေရန် ဆပ်ပြာ ရည်နှင့်လက်ကိုသုတ်လိမ်းထားရမည်ဖြစ်ပါသည်။ ထို့အတူ၊ ပျားဖယောင်းချပ် အထူ၊ အပါးကိုတပြေးညီဖြစ်အောင် ဂရုတစိုက်ပြုလုပ်ရမည်ဖြစ်ပါသည်။
- ပျားဖယောင်းအချပ်များဖြစ်လာသောအခါတွင် လေးထောင့်ပုံပိုင်းဖြတ်ပြီး၊ ရွှံ့ စေးမြေပေါ်တွင် ကပ်ရန်အတွက်ခေတ်ဆီဖြင့်သုတ်လိမ်းပါ။ ထိုပျားဖယောင်း ချပ်များကိုချိန်တွယ်ပါ။ သို့မှသာသံရည်မည်မျှအသုံးပြုရမည်ကို သိရှိနိုင်မည် ဖြစ်ပါသည်။
- ပျားဖယောင်းချပ်များကပ်ရန်အတွက် ဖားစည်ပုံစံခွက်နှင့်ပျားဖယောင်းချပ်များ ကိုအပူပေးပါ။
- ပျားဖယောင်းချပ်များကို ဖားစည်ပုံစံခွက်ပေါ်တွင်ကပ်ပြီးသောအခါ၊ ပျားဖ ယောင်းချပ်ငယ်များကို ပျော့ပျောင်းသွားအောင် မီးတွင်အပူပေးပြီး၊ အဆက် များတွင်လေမခိုအောင်းနိုင်စေရန်နှင့်မျက်နှာပြင်ချောမွေ့စေရန်သေချာစွာအ ချောကိုင်ပါ။ ယခုပြုလုပ်သည့်အတိုင်း ဖားစည်သဏ္ဍာန်ဖြစ်ပေါ်လာမည်ကိုသ တိချပ်ပါ။
- အထက်ပါအဆင့်များပြုလုပ်ပြီးစီးပါက၊ ဆင်၊ ဖား၊ ငါး၊ ငှက်နှင့်အခြားအရုပ် များရေးဆွဲပါ။ ၎င်းရုပ်ပုံများသည် သူ့ပုံစံခွက်နှင့် သူရှိနှင့်ပြီးဖြစ်သည်။
- ဖားစည်ပုံစံခွက်အတွင်းရှိတုတ်ချောင်းကိုထုတ်ယူပြီးအပေါက်ငယ်များအတွင်း ရွှံ့စေးမြေဖြင့်ဖြည့်ပါ။ ၎င်းနောက်၊ စက်ဝိုင်းပုံပျားဖယောင်းအချပ်ဖြင့်ဖုံးအုပ်ပြီး၊ ထိုနေရာတွင်နေမင်းအလင်းဖြာနေသောသဏ္ဍာန်ပြုလုပ်ရန်အတွက်ဖြစ်သည်။
- ထို့နောက်ပျားဖယောင်းချပ်များအတွင်း သံချောင်းငယ်များဖြင့် သုံးပုံတစ်ပုံခန့် ရိုက်ထည့်ပါ။
- သံရိုက်ပြီးသောအခါ၊ ဖားစည်ပုံစံခွက်တစ်ခုလုံးကို အဝါရောင်ရွှံ့စေးမြေဖြင့်ဖုံး

အုပ်ပါ။

- သံများကိုရိုက်သွင်းရခြင်း၏ရည်ရွယ်ချက်မှာ၊ ပျားဖယောင်းချပ်များအရည်ပျော် ဆင်းသွားသောအခါ ရွံ့စေးမြေနှစ်ချပ်ကွာကျမ သွားစေရန်နှင့်သံရည်သွန်း လောင်းရန်အတွက်အပေါက်ငယ်များရရှိရန်ဖြစ်သည်။ ထို့နောက်ဖိုကြီးအတွင်း ထည့်ပြီးဖုတ်ရ မည်ဖြစ်သည်။ ပုံမှန်အားဖြင့် ထိုသို့ဖုတ်ရန်အချိန် ၂၄ နာရီခန့် ကြာမြင့်ပါသည်။
- ဖားစည်ပုံစံခွက်ကိုသင့်လျော်သောအပူချိန်ဖြင့်ဖုတ်ရမည်ဖြစ်ပါသည်။ အလွန် အမင်းအပူပေးခြင်း၊ အပူချိန်နည်းလွန်းခြင်း မျိုးမဖြစ်စေရပါ။ သို့မှသာသံရည်ပူ သွန်းလောင်းနိုင်မည်ဖြစ်ပါသည်။ ထိုသို့ကောင်းစွာပြုလုပ်နိုင်ရန်အတွက် အ တွေ့အကြုံရှိသောသူဖြစ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်အခါကတိုင်း တာရန်ကိရိယာများမရှိသောကြောင့်ဖြစ်သည်။

## သံရည်ပူအားအဆင်သင့်ပြင်ဆင်ထားခြင်း

ဖားစည်ကိုတွင်းထွက်သတ္တု ၅ မျိုးဖြင့်သွန်းလုပ်သည်ဟုအဆိုရှိသည်။ ၎င်းတို့မှာ ရွှေ၊ ငွေ၊ ကြေး၊ သံနှင့် ခဲတို့ဖြစ်သည်။ ဒေါက်တာမာတင်က – ဖားစည်ကိုဓာတ် ခွဲစမ်းသပ်သောအခါ ကြေးဝါ ၆၂.၂ ရာခိုင်နှုန်း၊ ခဲ ၁၆.၂ ရာခိုင်နှုန်း၊ သံ ၁၁.၂ ရာ ခိုင်နှုန်းနှင့် သံဖြူ ၉.၁၈ ရာခိုင်နှုန်းတို့ရှိကြောင်းသိရှိရသည်။ လေ့လာတွေ့ရှိချက် များအရ၊ ရွှေ နှင့် ငွေသတ္တုအသုံးပြုမှုကို တွေ့ရလေ့မရှိပေ။ ဖားစည်သွန်းလုပ် သောအခါတွင် တိကျသောအမှတ်အသားမရှိခြင်းကြောင့်ဖြစ်သည်။ ဖားစည်အ ရောင်နှင့်ပတ်သက်၍အချို့မှာအမည်းရောင်၊ နီညိုရောင်၊ မီးခိုးရောင်အစရှိသည် ဖြင့်ရှိသောကြောင့် ဖားစည်အတွင်းပါဝင်သော သတ္တုအမျိုးအစားနှင့်အချိန်အဆ ကွာခြားမှုအပေါ်တွင်မူတည်၍ကွဲပြားကြောင်းသိမြင်နိုင်သည်။

- ဖားစည်သွန်းလုပ်ခြင်းမပြုမီ ရှေးဦးစွာဖားစည်ပုံစံခွက်ကိုအပူပေးပါ။ ထို့အတူ သံကိုလည်းအရည်ကျိုရမည်ဖြစ်သည်။
- ဖားစည်ပုံစံခွက် ပူနွေးလာသောအခါ၊ ၎င်းကိုလစ်လပ်သောနေရာသို့သယ် ဆောင်ပြီး၊ မြေကြီးထဲတွင် ဖားစည်ပုံစံခွက် တဝက်ခန့်အနက်အထိမြှုပ်ထား

ရမည်။

- ချိုင့်ရာ၊ ပိန့်ရာများကိုဖာထေးရန် စိုစွတ်သောရွှံ့စေးမြေအချို့ကိုအသင့်ပြင်ဆင်ထားရှိပါ။
- အေးခဲမသွားစေရန် ဖားစည်တစ်ခုလုံးကိုမြေကြီးဖြင့်ဖုံးအုပ်ထားရမည်ဖြစ်ပါသည်။
- ထို့နောက်ဖားစည်ကိုချိတ်ဖြင့်ချိတ်၍ထုတ်ယူပါ။
- သံရည်ပူမသွန်းလောင်းမီတွင် ကျွဲသားရည်ဖြင့်ဖုံးအုပ်ပါ။ သို့မှသာမီးသွေးမှုန့်များဖားစည်အတွင်းသို့မကျစေရန်ဖြစ်သည်။
- ထို့နောက်သံရည်ပူများကိုဖားစည်အတွင်းသို့သွန်းထည့်ပါ။
- ရစ်ချက်အမ်ကိုလာက သံရည်ပူသွန်းလောင်းရာတွင် တစ်ကြိမ်ဟုသာဖော်ပြသော်လည်း၊ စကော့က သံရည်ပူနှစ်ကြိမ်သွန်း သည်ဟုဖော်ပြပါရှိသည်။ ပထမအကြိမ်တွင် ဖားစည်မျက်နှာပြင်နှင့်ဘေးဘက်နှစ်လက်မခန့်အထိသာသွန်းလုပ်ပြီး ဒုတိယအကြိမ်မှသာအပြည့်သွန်းလောင်းသည်ဟုဆို၏။
- သံရည်သွန်းလောင်းပြီးသောအခါ တဖြည်းဖြည်းအပူချိန်လျော့နည်းသွားစေရန်၊ မြေကြီးအတွင်း ရက်အနည်းငယ်ခန့် မြှုပ်ထားရမည်ဖြစ်သည်။
- အပူချိန်လုံးဝကင်းစင်သွားသောအခါ ပေါ်ယံရွှံ့စေးမြေကိုထုချေခွာချရမည်ဖြစ်သည်။ ထိုအခါ သွန်းလုပ်ထားသောဖားစည်သည် အဆင်ပြေမပြေကိုတပါတည်းသိရှိနိုင်မည်ဖြစ်သည်။
- ၄င်းနောက်ဖားစည်ကိုသန့်စင်ပါ။ ဖားစည်ကိုကြေးဝါရည်ဖြင့်အရောင်ခြယ်ခြင်းမျိုးပြုလုပ်လေ့မရှိပေ။ မူလအတိုင်းအမည်းရောင်အတိုင်းသာ ထားရှိလေ့ရှိသည်။
- ဖားစည်ကိုသန့်စင်ခြင်းအဆင့်ပြီးဆုံးပါက အသံသာယာခြင်းရှိစေရန် ပါးလွှာအောင်ခြစ်ထုတ်ခြင်း၊ အတွင်းဘက်မှနေ၍ခြစ် ထုတ်ရမည်ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများအားလုံးသည်ဖားစည်သွန်းလုပ်ခြင်းအတတ်နှင့်ဖားစည်သွန်းလုပ်ပုံအဆင့်ဆင့်တို့ကိုရနိုင်သမျှ စုဆောင်းဖော်ပြထားခြင်းသာဖြစ်

ပြီး၊ ဖားစည်ကိုမည်သို့သွန်းလုပ်ကြသည်ကို စာဖတ်သူများ နားလည်သဘော ပေါက်စေရန် အတွက်သာရည်ရွယ်ပါသည်။ ကိုယ်တိုင်ဖားစည်သွန်းလုပ်ရန်အ တွက်မူကား လိုအပ်ချက်များရှိနေဦးမည်သာဖြစ်သည်။

## ဖားစည်သွန်းလုပ်ပုံအဆင့်ဆင့်


(ရစ်ချက်အမ်ကိုလာဖော်ပြချက်)



၁။ ရွှံ့စေးမြေဖြင့်ဖားစည်ပုံသဏ္ဍာန်ပြုလုပ်ပါ။



၂။ အောက်ခံရွှံ့စေးမြေပေါ်တွင် ရွှံ့စေးဖြင့်ထပ်မံဖုံးအုပ်ပြီး တွင်ခုံပေါ်တွင်ထားပါ။




၃။ ထို့နောက် ဖားစည်သဏ္ဍာန်ဖြစ်ပေါ်အောင် တွင်ခုံပေါ်တွင် ပုံသွင်းပြုပြင်ပါ။



၄။ ပုံသွင်းပျားဖယောင်းအချပ်ကို နှီး ၂ ချောင်းဖြင့်ကျွန်းသစ်
ပျဉ်ပြားပေါ်တွင်လိပ်ယူပါ။



၅။ ပုံသွင်းပျားဖယောင်းအချပ်များကိုချိန်ခွင်၌ ချိန်တွယ်ပါ။



၆။ ပုံသွင်းပျားဖယောင်းအချပ်များကို ရွှံ့စေးဖြင့်ပုံဖော်ထားသောဖားစည် ပေါ်တွင်အုပ်၍တင်ပါ။



၇။ ပြီးနောက် ပုံသွင်းပျားဖယောင်းအချပ်များကို အရည်ဖျော်ပျားဖယောင်း အချပ်များဖြင့်ဆက်ပါ။



၈။ ပုံဖော်ပျားဖယောင်းအချပ်များ၏ အထူအပါးပမာဏကိုတိုင်းတာပါ။



၉။ အကွင်းအစင်းများပုံများထွက်ပေါ်လာအောင် ဆုံလည်ဖြင့်လှည့်၍ ထုဆစ်ပုံသွင်းပြုပြင်ပါ။



၁၀။ (အထက်မှအောက်သို့) လေးပုံ သုံးပုံ၊ ပျားဖယောင်း၊ တစ်ကောင်ပေါ် တစ်ကောင်ထပ်နေသောဖားပုံ၊ ခဲဖြင့် ပြုလုပ်ထားသောပုံစံခွက်၊ ပုံသွင်းသွန်း လုပ်ထားသောရုပ်ပုံများ။



၁၁။ ဆလင်ဒါပေါ်တွင်သစ်ပင်ပုံဖော်ရန် ဆန်စပါးစေ့များဖြင့်ကပ်ပါ။



၁၂။ အောက်ခံရွှံ့စေးမြေခြောက် သွေ့သောအခါ ရွှံ့စေးမြေအ ကြမ်းဖြင့်ကပ်၍ဖုံးအုပ်ပါ။



၁၃။ ကြေးသွန်းသူများ ဖားစည်သွန်းလုပ်ရန် ဖိုကြီးပြုလုပ်နေပုံ။



၁၄။ ပုံစံခွက်အတွင်း မီးသွေးဖြင့်ဖြည့်ပါ။



၁၅။ ဝါးနှစ်လုံးဖြင့်ဆက်၍၊ ပုံစံခွက်အတွင်းသို့ လေမှုတ်သွင်းပါ။




၁၆။ ဖိုတွင်းမှပြန်ထုတ်ပါ။



၁၇။ ပုံစံခွက်အားထုတ်တန်း၊ သံကြိုး၊ ချိတ်တို့ဖြင့်သေချာ
ကျနစွာကိုင်တွယ်ရွှေ့ပြောင်းပါ။



၁၈။ ပိတ်စဖြင့်ပတ်စည်းထားသောတုတ်ချောင်း
များဖြင့်မ၍သတ္တုစပ်ကိုပုံစံခွက်အတွင်းသို့သွန်းပါ။




၁၉။ ပုံစံခွက်အားခွာပါ။



၂၀။ ဖားစည်။ ဘေးတိုက်အနေအထားပုံ။



၂၁။ ဖားစည်။ မျက်နှာပြင်ပုံ။



၂၂။ ဖားစည်။ ဖားစည်မျက်နှာပြင်ရှိရုပ်ပုံများအနုစိတ်ပုံ။



၂၃။ ကရင့်ဖားစည်။ ဘေးဘက်အနေအထားပုံ။



၂၄။ ကရင့်ဖားစည်။ ဘေးဘက်မှရုပ်ပုံ စီခြယ်ထားပုံများအနုစိတ်ပုံ။




၂၅။ ကရင့်ဖားစည်မျက်နှာပြင်ရှိ ရုပ်ပုံများစီခြယ်ထားပုံများအနု စိတ်ပုံ။



၂၆။ ကရင့်ဖားစည်မျက်နှာပြင် ပိုင်းပုံ။



၂၇။ ဖားစည်၏ဘေးတိုက်အနေအ ထားပုံ။



၂၈။ ဖားစည်၏ဘေးဘက်ရှိ
အနုစိတ်စီခြယ်ထားပုံ။




၂၉။ ဖားစည်၏ဘေးဘက်အနုစိတ်
စီခြယ်ထားပုံ။



၃၀။ ဖားစည်၏ဘေးဘက်အနုစိတ်
စီခြယ်ထားပုံ။



၃၁။ ဖားစည်၏ဘေးဘက်အနုစိတ်
စီခြယ်ထားပုံ။




၃၂။ ဖားစည်၏ဘေးတိုက်အနေအထား။




၃၃။ ဖားစည်၏ဘေးဘက်အနုစိတ်စီခြယ်ထားပုံ။



၃၄။ ဖားစည်၏ဘေးဘက်အနုစိတ်စီခြယ်ထားပုံ။



၃၅။ ဖားစည်၏ဘေးဘက်အနုစိတ်စီခြယ်ထားပုံ။





၃၆။ ဖားစည်၏ဘေးဘက်အနုစိတ် စီခြယ်ထားပုံ။




၃၇။ ဖားစည်၏ဘေးဘက်အနုစိတ် စီခြယ်ထားပုံ။



၃၈။ ဖားစည်ပုံ။




၃၉။ ဖားစည်၏ဘေးဘက်အနုစိတ် စီခြယ်ထားပုံ။

## ၂. ၅ ဖားစည်သွန်းလုပ်ရာနေရာများ

ကွယ်ကလူကရင်သတင်းဌာနဝဘ်ဆိုက်စာမျက်နှာတွင် စာရေးသူ တီးနိုးကဖား စည်သွန်းလုပ်ရာနေရာ ၄ ခုရှိ ကြောင်းအောက်ပါအတိုင်းဖော်ပြထားသည်။ ဖား စည်သွန်းလုပ်ရာပထမနေရာမှာ ကရင်လူမျိုးများနေထိုင်လာခဲ့သော မွန်ဂိုလီး ယား၊ တရုတ်၊ တိဘက်နှင့်ယူနန်ပြည်နယ်တို့တွင်ဖြစ်သည်။ ၎င်းမှတဆင့်မြန်မာ ပြည်အတွင်းသို့ အဆင့်ဆင့်ပြောင်းရွှေ့နေထိုင်လာခဲ့ကြစဉ်က လက်မှုအတတ်ပ ညာရှင်များဖြစ်သော ယူနှင့် စွာလူမျိုးများသည်လည်းအတူလိုက်ပါလာခဲ့ကြလေ သည်။ ထိုယူနှင့်စွာလူမျိုးများသည် ကဝါပြည် (ယခုအခေါ် “ဝ”ပြည်) သို့ရောက် သောအခါ သံနှင့်ကြေးသတ္တုမြောက်များစွာတွေ့ရှိရသောကြောင့် ထိုဒေသမှာပင် ဖားစည်များကိုစတင်သွန်းလုပ်ကြလေသည်။ ထို့ကြောင့်ဖားစည်သွန်းလုပ်ရာအ စောဆုံးဒေသမှာ “ဝ” ပြည်ဟု ယူဆရလေသည်။

အထက်ဖော်ပြပါ ကဝါပြည်နှင့်စွာလူမျိုးများနှင့်ပတ်သက်၍ ရစ်ချက်အမ်ကိုလာ၏ စာအုပ်တွင်း၌ မာရှယ်က “ကဝါနှင့် စွာလူ မျိုးများသည်ရှေးအခါကမြန်မာပြည် နှင့်ယူနန်နယ်ထဲ၌နေထိုင်ခဲ့ကြသော “ဝ” လူမျိုးများဖြစ်ဟန်ရှိသည်ဟုဖော်ပြခဲ့ သည်။ ထို့အပြင်၊ ဖူးတောအူးကလည်း ရှေးအခါကကရင်လူမျိုးများသည် မူးစို့ဒေ သမှအခြားဒေသများသို့ရွှေ့ပြောင်းနေထိုင်ခဲ့စဉ်ကပင် ဖားစည်သွန်းလုပ်တတ် သော ယူလူမျိုးများသည် သံနှင့်ကြေးသတ္တုများရှိရာ “ဝ” ပြည်နယ်အတွင်းနေ ထိုင်ပြီးဖားစည်နှင့်မောင်းများသွန်းလုပ်ခဲ့ကြသည်။ ထိုအကြောင်းအရာနှင့်ပတ် သက်၍ ဖူးတောအူးရေးစပ်သီကုံးသောကဗျာလင်္ကာ အား ရစ်ချက်အမ်ကိုလာ ၏စာအုပ်ထဲတွင်အောက်ပါအတိုင်းတွေ့ရှိရသည်။

“ကျိာ်ယှၢ်မုာ်ဒီးကျိာ်ယှၢ်ခွါ
ယှၢ်မုာ်ယှၢ်ခွါကၢၤဝဲဒၣ်
ကျိာ်ကဝၢ်မုာ်ဒီးကျိာ်ကဝၢ်ခွါ
ကဝၢ်မုာ်ကဝၢ်ခွါကၢၤဝဲဒၣ်
ကျိာ်ရှိာ်ဝ့ၢ်မုာ်ဒီးကျိာ်ရှိာ်ဝ့ၢ်ခွါ

ရှိဉ်ဝ့ၢ်မှဉ်ဒီးရှိဉ်ဝ့ၢ်ခွါမၤတ့ၢ်ဝဲဒဉ်
ပှၤယူၢ်ဖိကၢကျိဉ်ဖးဒိဉ်
မ့ၢ်လီၤမၢ်ယူၢ်သးပှၢ်ဟီဉ်လၢာ်သး ...”

မြန်မာလိုအသံထွက်အားဖြင့် ....

“ကလိုယူမူဒွေါကလိုယူခွါး
ယူမူ ယူခွါးကိုးဝဲဒါ
ကလိုကဝါမူဒွေါ ကလိုကဝါခွါး
ကဝါမူ၊ ကဝါခွါးကိုးဝဲဒါ
ကလိုရှဝေမူဒွေါ ကလိုရှဝေခွါး
ရှဝေမူဒွေါ ရှဝေခွါးမာ့တေဝဲဒါ
ပဝ့ါယူဖိုးကိုးကလိုဖာ့ဒို
မေလော့မာယူသာ့ပွာဟော်လယ်သာ့” ဟူ၍ဖြစ်လေသည်။

ဖားစည်သွန်းလုပ်ရာ ဒုတိယနေရာမှာ သောသီခိုတောင်ခြေတွင်ဖြစ်သည်။ ထိုနေရာတွင် ဖူးမော်တော်ကဖားစည်လေးလုံးဖြစ်သော ဂေါ်ကွီးထူး၊ ဂေါ်ကွီးစေး၊ ဂေါ်ဘောယော်ဖောနှင့်ဂေါ်ဝါးပျေါကူးစေးတို့အား ဖူးထောနာသဲထံမှရရှိခဲ့သောနေရာဖြစ်သည်။ ဖူးထောနာသဲမှာ ဖားစည်သွန်းလုပ်သူဖြစ်သောကြောင့် ထိုနေရာ၌ပင် ဖားစည်သွန်းလုပ်ခဲ့သည်ဟုယူဆရသည်။

ဖားစည်သွန်းလုပ်ရာ တတိယနေရာမှာ ဖူးထောနာသရဲနှင့်သူ၏မိသားစုဝင်များ သောသီတောင်ခြေမှ အရှေ့အရပ်သို့ဆက် လက်ထွက်ခွါလာခဲ့ကြပြီး ကော်မူယူ (ယခုအခေါ် – ထိုင်းနိုင်ငံ၊ မယ်စရီးယန်းအရပ်) ၌အခြေချနေထိုင်ခဲ့ကြသည်။ ထိုအရပ် ၌ဖူးထောနာသဲသည် သူ၏သား၊ သမီးများအား ဖားစည်သွန်းလုပ်ခြင်းအတတ်ကို လက်ဆင့်ကမ်းသင်ကြားပေးခဲ့သည်ဟုအဆိုရှိသည်။

ဖားစည်သွန်းလုပ်ရာ စတုတ္ထနေရာမှာ ကယားပြည်နယ်၊ ထီးဘောကလအရပ်တွင်ဖြစ်သည်။ ထိုအရပ်တွင်ဖားစည်သွန်း လုပ်သူများမှာ ယူနှင့်စွာလူမျိုးများမဟုတ်တော့ပေ။ ရှမ်းကရင်လူမျိုးများသာဖြစ်ကြသည်။ တီးနိုးရေးသားသောကရင့်

ဖားစည်အကြောင်းတွင် အင်္ဂလိပ်အစိုးရလက်ထက်တွင်ဖူးသဲနီက ဖူးဘူးမူအား ၄င်းငယ်စဉ်က ကယားပြည်နယ်၊ ထီးဘောကလအရပ်တွင်သစ်လုပ်ငန်းထုတ်လုပ်ရေးတွင်သွားရောက်လုပ်ကိုင်ခဲ့ပြီး ထိုဒေသတွင် ဖားစည်သွန်းလုပ်သူအမြောက်အများကိုတွေ့ရှိရကြောင်းနှင့် မြန်မာနိုင်ငံသည်အင်္ဂလိပ်ကိုလိုနီလက်တွင်းသို့ကျရောက်ခဲ့သော ၁၈၈၅ ခုနှစ်နောက်ပိုင်းတွင်ဖားစည်သွန်းလုပ်သောထိုအရပ်သည်လည်း ပျက်စီးပျောက်ကွယ်သွားခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် ထိုအရပ်သည် ဖားစည်သွန်းလုပ်ရာ နောက်ဆုံးနေရာဖြစ်နိုင်သည်ဟုလည်းယူဆရပေသည်။

သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက “ဖားစည်သွန်းလုပ်ရာနေရာအမြောက်အများရှိနိုင်သော်လည်း ကယားပြည်နယ်၊ နွှေဒေါင် (ငွေတောင်) မြို့က ပန်းဘဲဖိုတစ်ခုတည်းသာမှတ်တမ်းဝင်ပါတယ်။ ကျန်တာတွေရှာမရသေးပါ။ ကရင်ဖားစည်လို့ဆိုပေမယ့် တစ်ကယ်တန်းဖန်တီးသူ လက်မှုပညာရှင်တွေဟာ ရှမ်းတွေဖြစ်ပါတယ်။” ဟုဆိုသည်။ ၄င်းမှဆက်လက်၍ “၁၈၂၀ ဝန်းကျင်လောက်ကစပြီးရှမ်းလက်မှုပညာရှင်တွေဟာ နွှေဒေါင် (ငွေတောင်) မြို့မှာလာရောက်အခြေဆိုက်နေထိုင် ကာဖားစည်သွန်းလုပ်တဲ့လုပ်ငန်းကိုလုပ်ကိုင်ခဲ့ရာတစ်မြို့လုံးမီးလောင်ပြာကျသွားတဲ့ ၁၈၈၉ ခုနှစ်အထိဖြစ်ပါတယ်။” ဖော်ပြခဲ့ပြီး၊ နော်ဘွေဝါးက ဖားစည်အကြောင်းနှင့်ပတ်သက်၍ မျက်မှောက်ကာလတွင် ဖားစည်ကို ကယားပြည်နယ်၊ ငွေတောင်မြို့တွင်အများဆုံးတွေ့ရှိရသည်ဟုဆိုသည်။

## ၂. ၆ ဖားစည်ကြွန်အင်လက္ခဏာနှင့် အဓိပ္ပာယ်များ

ဖားစည်ထက်တွင် ကရင်လူမျိုးတို့၏ မူလဘူတ၊ ရိုးရာအစဉ်အလာ၊ ယဉ်ကျေးမှု၊ အသက်မွေးဝမ်းကြောင်းမှု အစရှိသည်တို့ကို ရုပ်ပုံအမှတ်အသားများဖြင့်ဖော်ပြထားသည်ကိုတွေ့မြင်နိုင်သည်။ ဖားစည်၏မျက်နှာပြင်ထက်ရှိထပ်လျှက်ရှိသော ဖားအရေအတွက်ကိုသာမူတည်၍ သတ်မှတ်သည်။ ဥပမာ။ ။ ဖားစည်၏မျက်နှာပြင်ထက်တွင် ဖားလေးကောင်ရှိပါက ၄င်းကို ဖားတစ်ကောင်ဖားစည်ဟုခေါ်ဝေါ်ပြီး၊ ၄င်းဖားလေးကောင်ထက်တွင် အခြားဖားလေးကောင်ထပ်လျှက်တည်ရှိပါက ၄င်းကို ဖားနှစ်ကောင်ထပ်ဖားစည်ဟုခေါ်သည်။ ဖားစည်များကိုတစ်ကောင်ဖားစည်၊ ဖားနှစ်ကောင်ထပ်ဖားစည်နှင့် ဖားသုံးကောင်ထပ်ဖားစည်ဟူ၍ အမျိုးအစားသုံးမျိုးရှိပေသည်။ ဖားစည်သည်မျက်နှာပြင်တစ်ဖက်ပိတ်အနေအထားဖြင့် ဆလင်ဒါပုံတည်ရှိသည်။ ဖားစည်၏မျက်နှာပြင်အလယ်တည့်တည့်တွင် နေမင်းအလင်းရောင်သင်္ကေတန်ဖြာထွက်နေသော အသံလှိုင်းတို့အား တုန်ခါစေနိုင်သော အမှတ်အသားများပါရှိသည်။ ရောင်ခြည်မှာ (၆) သွယ်မှ (၁၂) သွယ်အထိရှိပြီး၊ အချို့တွင်မူ (၁၈) သွယ်အထိပါရှိသည်။ ရောင်ခြည်ဖြာသန်းနေသည့်အပေါ်ဖက်တွင် စက်ဝိုင်းအရစ်များပါရှိသည်။ စက်ဝိုင်းအရစ်များ မှာ (၆) ခုမှ (၉) ခုအထိရှိသည်။ စက်ဝိုင်းတစ်ခုနှင့်တစ်ခုကြားတွင် ဆင်၊ ယုန်၊ ဖားပြုတ်၊ ငါး၊ ငှက်ရုပ်အပြင် ပန်းပွင့်အရုပ်များနှင့် အခြားသောရုပ်ပုံများဖြင့် ပုံဖော်အလှဆင်ထားသည်။ အချို့တွင်ယက်ကန်း၊ ချည်ငင်သောရုပ်ပုံများအပြင်အခြားသော ကရင့်လက်မှုပညာများကိုလည်းပုံဖော်ခြယ်သထားသည်ကိုတွေ့မြင်နိုင်သည်။ အချို့ဖားစည်များတွင် ဖားနှစ်ကောင်ထပ်သင်္ကေတ၊ ဖားသုံးကောင်ထပ်သင်္ကေတတို့လည်းရှိပေသည်။ အချို့ဖားစည်များတွင်ဖားများ မျက်နှာချင်းဆိုင်အနေအအ ထားဖြင့်ရှိပြီး ရုပ်ပုံများနှင့်၄င်းတို့၏အနေအထားအားလုံးတို့တွင် အဓိပ္ပာယ်ကိုယ်စီရှိသည်။

ဖားစည်ထက်တွင်ရေးဆွဲထားသောရုပ်ပုံများနှင့်ပတ်သက်၍ ဖားစည်အကြောင်းလေ့လာသူများ၏ရေးသားဖော်ပြချက်များ မှာနေရာဒေသအလိုက်အဓိပ္ပာယ်ဖွင့်ဆိုမှုအနည်းငယ်ကွဲပြားမှုရှိသော်ငြားလည်း အားလုံးလိုလိုမှာ အတူတူပင်ဖြစ်သည်။

ဖားစည်ထက်ရှိရုပ်ပုံများနှင့် ၄င်းတို့၏အဓိပ္ပာယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

နေဝန်း – ဖြောင့်မတ်ခြင်း၊ ဘုရား၊ ဘုရားမျက်မှောက်တော်၊ ရိုးသားပွင့်လင်းခြင်း။

ဖားပြုတ် – ကရင်လူမျိုး၊ ကရင့်အမှတ်အသား။

ဆင် – ဖျက်ဆီးခြင်း၊ မကောင်းမသင့်သောအရာ။

ဘဲ – အင်္ဂလိပ်လူမျိုး။

ဗိုျင်း – အင်္ဂလိပ်လူမျိုး။

ချိုးငှက် – ကရင်အမျိုးသမီးများအင်္ကျီလည်ပင်းအနား အလှဆင်၍လည်ဆွဲတန်ဆာဆင်ထားခြင်း။

ရစ် – ကရင်အမျိုးသမီး ဖဲပုတီးများဖြင့်အလှဆင်ထားသောကရင့်သင်တိုင်းအင်္ကျီကိုဆင်မြန်းထားခြင်း။

ရစ်ငှက်အဖို – ကရင်အမျိုးသား ဖဲပုတီးများဖြင့်စီခြယ်ထားသောသင်တိုင်းအင်္ကျီနှင့်အမွေးဖွားများရှိသောခေါင်းပေါင်းကိုဆင်မြန်းထားခြင်း။

အော်ရောငှက် – ကရင်အမျိုးသား၊ အမျိုးသမီး ဖဲပုတီးများဖြင့်စီခြယ်ထားသောသင်တိုင်းကိုဝတ်ဆင်ပြီး ခေါင်းပေါင်းကိုဆင်မြန်းထားခြင်း။

ငှက်တော် – စကားကြွယ်ခြင်း။

ငှက်မင်းသား – ပြည့်ရှင်မင်း။

ယုန် – ပညာတတ်၍ စကားအရာ၌လိမ္မာသူ။

ကြက် – ဖျက်လိုဖျက်ဆီးပြုတတ်သူ။

မိကျောင်း၊ နဂါး၊ ရှဉ့်၊ ကြိုးကြာ၊ ဥ္ဘင်းတ၊ ခြသေ့်၊ မြွေ၊ တို့သည် အဖျက်အမှောင့်တို့ကိုဖော်ပြသောအရာများဖြစ်သည်။ (၄င်းတို့ကို ဖားစည်တိုင်းတွင်တွေ့မြင်ရလေ့မရှိပေ။)

ငါး – ကရင့်အသက်မွေးဝမ်းကြောင်းမှု။


ရက်လုပ်ခြင်း – ဝါးနှီးဖြင့်ယက်လုပ်ခြင်း၊ ကြိမ်ဖြင့်ယက်လုပ်မျိုးမျိုးအစရှိသည်ဖြင့် ကရင်အမျိုးသားများ၏လက်မှုအ တတ်ပညာများ။

ရက်ကန်း – ရက်ကန်းရက်လုပ်ခြင်း၊ အဝတ်အထည်များရက်လုပ်ခြင်းအစရှိသော ကရင်အမျိုးသမီးများ၏လက်မှုအတတ်ပညာများ။


## ဖားစည်အမျိုးအစားတချို့နှင့်ယင်းတို့၏မျက်နှာပြင်ပေါ်တွင်ရှိသော အမှတ်အသားတချို့



ဖားစည်မျက်နှာပြင် ၁



ဖားစည်မျက်နှာပြင် ၂



ဖားစည်မျက်နှာပြင် ၃



ဖားစည်မျက်နှာပြင် ၄



ဖားစည်မျက်နှာပြင် ၅



ဖားစည်မျက်နှာပြင် ၆



ဖားစည်မျက်နှာပြင် ၇



ဖားစည်မျက်နှာပြင် ၈




ဖားစည်မျက်နှာပြင် ၉




ဖားစည်မျက်နှာပြင် ၁၀



ဖားစည်မျက်နှာပြင် ၁၁




ဖားစည်မျက်နှာပြင် ၁၂



ဖားစည်မျက်နှာပြင် ၁၃



ဖားစည်မျက်နှာပြင် ၁၄



ဖားစည်မျက်နှာပြင် ၁၅



ဖားစည်မျက်နှာပြင် ၁၆



ဖားစည်မျက်နှာပြင် ၁၇



ဖားစည်မျက်နှာပြင် ၁၈

ဖားစည်သည်ကရင်လူမျိုးတို့၏လူနေမှုဘဝ (၇) မျိုးကိုဖော်ဆောင်ထားသည်ဟူ၍လည်းအဆိုရှိသည်။ ၎င်းတို့မှာအောက်ပါ အတိုင်းဖြစ်သည်။




(၁) ဖားလေးကောင်သည် ဖားစည်မျက်နှာပြင်ပေါ်တွင် လက်ဝဲရစ်တစ်ကောင်နောက်တစ်ကောင်လိုက်သွားနေပြီး ဆင်ကြီးတစ်ကောင်ထွက်ပြေးကာ ချေးတုံးတတုံးစွန့်ထားသည်။ ဤဖားစည်အမျိုးအစားမှာ စည်းလုံးညီညွတ်ခြင်း၊ မေတ္တာထားခြင်း၊ ဖြောင့်မတ်ခြင်း၊ စာရိတ္တကောင်းခြင်းတို့၏ အစွမ်းသတ္တိကြောင့် မ

ကောင်းဆိုးဝါးကိုကိုယ်စားပြုသောဆင်ကြီးကရင်မဆိုင်ရဲဘဲထွက်ပြေးပြီးချေးတုံး တတုံးပင်ထွက်ကျကျန် ခဲ့ရခြင်း ကိုသရုပ်ဖော် ထားခြင်းဖြစ်သည်။





(၂) ဖားလေးကောင်က အခြားဖားတစ်ကောင်စီကိုကျောပိုးထား၍ လက်ဝဲရစ် တစ်ကောင်နှင့်တစ်ကောင်လိုက်သွားပြီး ဆင်ကြီးနှစ်ကောင်ထွက်ပြေးကာချေး တုံးနှစ်တုံးစွန့်ထားသည်။ (ဖားနှစ်ထပ်) ဒုတိယဖားစည်သည် ဆင်းရဲသားများ၏ ဒုက္ခရောက်သောမုဆိုးမနှင့် မိဘမဲ့များအားသနားကြင်နာကူညီရိုင်းပင်းမှု ကိုဖော် ညွှန်းထားသည်။ ထို့ကြောင့်လည်း ဖားတစ်ကောင်ကအခြားဖားတစ်ကောင်ကို ကျောပိုးထားခြင်းဖြစ်သည်။ ထို့ကြောင့် မကောင်းဆိုးဝါးဆင်နှစ်ကောင်ကပိုမို ကြောက်ရွံ့ကာထွက်ပြေးကြပြီး ချေးတုံးတတုံးစီထွက်ကျကျန်ရစ်ခဲ့သည်။



(၃) ဖားလေးကောင်က အခြားဖားနှစ်ကောင်စီကိုကျောပိုးထား၍ လက်ဝဲရစ်တ ကောင်နောက်တကောင်လိုက်သွားပြီး ဆင်ကြီးသုံးကောင်ထွက်ပြေးသွားကာ ချေးတုံးသုံးတုံးစွန့်ထားသည်။ (ဖားသုံးထပ်)
တတိယဖားစည်အမျိုးအစားသည် အကောင်းဆုံးသောသင်ခန်းစာကိုပေးထား သည်။ အောက်ဆုံးဖားသည် အကောင်အကြီးဆုံးဖြစ်၍ကျန်ဖားနှစ်ကောင်ကို

ကျောပိုးထားသည်။ အပေါ်ဆုံးဖားသည် အလယ်ဖားထက်အနည်းငယ်သေးသည်။ ကြီးသောသူကငယ်သောသူအားကူညီဖေးမခြင်းကိုဖော်ညွှန်းထားခြင်းဖြစ်သည်။ ထို့ကြောင့်ဆင်ကြီးသုံးကောင်လုံးကြောက်ရွံ့ခြင်း များစွာဖြင့်ထွက်ပြေးရပြီးချေးတုံးတတုံးစီထွက်ကျကျန်ခဲ့သည်။

(၄) ဖားလေးကောင်သည် အထက်အောက်မျက်နှာချင်းဆိုင်လျှက် ဆင်ကြီးတစ်ကောင်မကြောက်မရွံ့ဘဲ တက်လာသည်။

(၅) ဖားလေးကောင်သည် အထက်အောက်မျက်နှာချင်းဆိုင်လျှက် ဆင်ကြီးနှစ်ကောင်မကြောက်မရွံ့ဘဲတက်လာသည်။

(၆) ဖားလေးကောင်နှင့်ဆင်ကြီးလေးကောင်တို့သည် အသီးသီးလက်ဝဲရစ်တစ်ကောင်နောက်တစ်ကောင်လိုက်နေကြသည်။

စတုတ္ထ၊ ပဥ္စမ၊ ဆဌမ ဖားစည်များမှာမူကား ဆန့်ကျင်ဘက်၊ ညီညွတ်မှုမရှိသည့်သဘောကိုဖော်ပြ လျှက်ရှိသည်။ ဖားများသည်အချင်းချင်းမျက်နှာချင်းဆိုင်ရန်စောင်သည့်သဘော်တဖြစ်သောကြောင့် အချင်းချင်းမေတ္တာ ခေါင်းပါးလာသည့် အတိတ်နိမိတ်ကိုဖော်ပြလျှက်ရှိသည်။ စည်းလုံးညီညွတ်မှုမရှိသည့်အခါ မကောင်းဆိုးဝါးကိုကိုယ်စားပြုသောဆင်ကြီးများလာရောက်ဖျက်ဆီးရန် ဦးတည်လာသည်ကိုတွေ့ရသည်။

(၇) ဖားစည်မျက်နှာပြင်ပေါ်တွင်ဖားလေးကောင်ပျောက်ကွယ်သွားပြီး ဆင်ကြီးလေးကောင်သာကျန်၍တစ်ကောင်နောက်တစ်ကောင်လိုက်နေကြသည်။ ဤဖားစည်အမျိုးအစားတွင်ဖားများလုံးဝပျောက်ကွယ်သွားပြီး မကောင်းဆိုးဝါးများသာမင်းမူနေသည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်။ ထို့အပြင်ဖားစည်မျက်နှာပြင်ပေါ်ရှိဖားပြုပ်ရုပ်သည်ထူးဆန်းနက်နဲသောအဓိပ္ပာယ်ရှိသည်ဟုယူဆကြပါသည်။ ဖားပြုပ်သည်ဖားဘုရင်လည်းဖြစ်၊ သူတပါးကိုရန်မူလေ့မရှိ၊ ရန်ငြိမ်းသည့်သတ္တဝါဖြစ်ပြီး၊ ရန်မူလာသောသတ္တဝါများအား ၎င်း၏အရေခွံထဲမှ ထွက်လာသောအစေးများကို

သေစေသောသတ္တိထူးများသူ့တွင်ရှိသည်။

ဖားပြုပ်တို့သည်ရန်မူခြင်းမရှိဘဲ သဘာဝစိတ်နေသဘောထားအရရိုးသားပြီးအရေးအကြောင်းနှင့်ကြုံလာရင်လည်းခံနိုင်ရည်ကောင်းခြင်းတို့ကိုပမာပြုကာ ကရင်လူမျိုးတို့၏ရိုးသားဖြူစင်ပြီးအေးချမ်းစွာနေထိုင်လိုသောစရိုက်ရှိခြင်းများကို နှိုင်းယှဉ်ထားခြင်းဖြစ်ကြောင်းတွေ့ရပါသည်။ မြွေဆိုး၊ မြွေဟောက်များသည်သူ့အားရန်မူခြင်းမပြုနိုင်ပေ။

ဖားပြုပ်များသည် လွန်စွာအဆိပ်ပြင်းလှပြီး သစ္စာတည်သည်ဟု ယုံကြည်ကြသည်။ ဖားပြုပ်အော်လျှင်မလွဲမသွေမိုးရွာသွန်းလေ့ရှိသည်။ ထို့အပြင် ၄င်း၏ဥနှင့်ကလေးတို့ကိုပြန်၍မစားပေ။ ဖားပြုပ်၏အရေခွံကိုစားမိလျှင် မူးဝေအော့အန်ပြီးသေဆုံးနိုင်သည်။ ဖားပြုပ်အရေခွံသည်ဆေးဖက်ဝင်လှပေသည်။ ယားနာ၊ ပွေး၊ မီးလောင်နာအစရှိသော အရေပြားရောဂါများအပြင်၊ ကင်းခြေများကိုက်ခံရပါက မည်သည့်ဆေးမှမလိုဘဲ ဖားပြုပ်အရေခွံဖြင့်ဖုံးအုပ်ပေးလိုက်ပါက တခဏတာအချိန်ကာလအတွင်းတွင် မီးထဲသို့ရေများလောင်းချလိုက်သကဲ့သို့လျှင်မြန်စွာသက်သာပျောက်ကင်းစေနိုင်သောအာနိသင်ထူးပါရှိသည်။ ဖားစည်ထက်ရှိရုပ်ပုံများကိုကြည့်ရှုခြင်းအားဖြင့် ဖားစည်အမျိုးအစားနှင့် ကြွန်အင်စုံ၊ မစုံကိုခွဲခြားသိရှိနိုင်ပါသည်။

# ၂. ၇ ကရင့်ဖားစည်အမျိုးမျိုး

ဖားစည်ကိုပုံသဏ္ဍာန်အမျိုးမျိုးဖြင့်ခွဲခြားတွေ့ရှိရမည်ဖြစ်သော်လည်း အသုံးပြုမှုအပေါ်မူတည်၍ အောက်ပါအတိုင်းခွဲခြားနိုင်ပါသည်။





ဖားစည်အထီးနှင့်အမ

ဖားစည်အထီးနှင့်အမကို ဖားစည်၏ပုံသဏ္ဍာန်အပေါ်မူတည်၍ ခွဲခြားသိရှိနိုင်ပါသည်။ ဖားစည်အမသည်ကြိတ်ဆုံကဲ့သို့ ပုပြတ်ပြတ်သဏ္ဍာန်ရှိသည်။ ဖားစည်အထီးသည်ဆလင်ဒါကဲ့သို့ပိန်သွယ်သွယ်သဏ္ဍာန်ရှိသည်။

မင်္ဂလာဖားစည်နှင့်အမင်္ဂလာဖားစည်

မင်္ဂလာဖားစည်နှင့်အမင်္ဂလာဖားစည်ကိုအသုံးပြုမှုအပေါ်မူတည်၍ခွဲခြားသည်။ ဖားစည်ကိုအိမ်နှင့်အိမ်ပတ်ဝန်းကျင်၌ ထားသောအခါ အိမ်သူအိမ်သားများအားလုံးကျန်းမာပျော်ရွှင်၍ အလုပ်အကိုင်အောင်မြင်ခြင်း၊ အခွင့်အလမ်းများတိုးပွားခြင်းရှိပါက၎င်းကိုမင်္ဂလာဖားစည်ဟူ၍သတ်မှတ်သည်။

အကယ်၍ အိမ်သူအိမ်သားများနာမကျန်းဖြစ်ခြင်း၊ အလုပ်အကိုင်အဆင်မပြေခြင်း၊ အမှားအယွင်းများစွာဖြစ်ပေါ်လာပါက ၎င်းကို အမင်္ဂလာဖားစည်ဟူ၍သတ်မှတ်သည်။ အမင်္ဂလာဖားစည်ကို သူ့ချည်းသက်သက်သာတီးခတ်အသုံးပြုလေ့ရှိပြီး၊ မင်္ဂလာဖားစည်ကို ကရင့်တေးဂီတတူရိယာပစ္စည်းများဖြင့် တွဲဖက်တီးခတ်

လေ့ရှိသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ ကရင့်ယဉ်ကျေးမှုစာအုပ်ထဲတွင် ဖားစည်သုံးမျိုးရှိပြီး ၎င်းတို့ကိုဖားစည် ၁၊ ၂၊ ၃ ဟူ၍ခွဲခြားထားသည်။ ဖားစည် (၁) သဏ္ဍာန်အားဖြင့် အတူတူပင်ဖြစ်သောငြားလည်း ဖားစည်ထက်ရှိရုပ်ပုံများနှင့် သင်္ကေတအမှတ်အသားများကွဲပြားမှုရှိသည်။ ဖားစည် (၂) ကိုဖားစည်အထီးဟုလည်းခေါ်သည်။ ၎င်းကိုစစ်ချီသောအခါနှင့်စစ်ပွဲများတွင် တီးခတ်အသုံးပြုသည်။ တီးခတ်သောအခါတွင်အသံမှာ မောင်းထုသံကဲ့သို့ဖြစ်ပြီး ဖားစည်မှာပုံသဏ္ဍာန်အားဖြင့် ဇလုံကဲ့သို့ဖြစ်သည်။ ဝါး၊ ကြိမ်ရက်လုပ်နေပုံ၊ ရက်ကန်းရက်နေပုံ၊ ကရင့်လက်မှုပညာဆိုင်ရာပုံများနှင့်ငါးပုံများဖြင့်တန်ဆာ ဆင်ထားသည်။ ဖားစည် (၃) ကိုပုံပြောဖားစည်၊ ဖားစည်လေးဟုခေါ်လေ့ရှိပြီး အများသောအားဖြင့်စားပွဲနှင့် စင်မြင့်ပေါ်တွင်ချိတ်ဆွဲထားလေ့ရှိသည်။ သဏ္ဍာန်အားဖြင့်ဖားစည် (၁) နှင့်အလားသဏ္ဍာန်ဆင်တူသည်။  အရွယ်အစားအားဖြင့် သေးငယ်စွာ သွန်းလုပ်ထားရခြင်းဖြင့်သယ်ဆောင်ရာတွင်ပေ့ါပါးခြင်း၊ လွယ်ကူခြင်းတို့အပြင်ရှင်ဘုရင်များစစ်ချီရာတွင်သယ်ဆောင်လေ့ရှိခြင်းကြောင့်ဖြစ်သည်။ ပုံပြောဖားစည်ဟူ၍ခေါ်ဝေါ်ရခြင်းအကြောင်းမှာပုံပြောသောအခါတွင်ဖြစ်စေ၊ ဆုံးမသြဝါဒပေးသောအခါတွင်ဖြစ်စေတီးခတ်လေ့ရှိခြင်းကြောင့်ဖြစ်သည်။

## ၂.၈ လူသိများသော ကရင့်ဖားစည်များ

လူသိများ၍ အဖိုးများစွာထိုက်တန်သောဖားစည်အချို့မှာ ဂေါ်ကဝေါစေး၊ ဂေါ်ကဝေါထူး၊ ဂေါ်ဘောဂေါ်ဖော၊ ဂေါ်ဝါးပေ့ါကူးစေး၊ ဂေါ်ပီ၊ ဂေါ်လား၊ ဂေါ်ပီထီးလာ၊ ဂေါ်ထီးလော်စော်၊ ဂေါ်မေ၊ ဂေါ်သူးနိဒို၊ ဂေါ်သဖာမယ်၊ ဂေါ်စော့ပသူး၊ ဂေါ်မူသေစဲ၊ ဂေါ်ဆာထော်မူ၊ ဂေါ်လော့ဘောခို၊ ဂေါ်ပတ်ဆောဒီ၊ ဂေါ်စောလော့သနှင့် ဂေါ်စောသဖာတို့ဖြစ်သည်။ အထက်ပါဖားစည်တို့သည် အသံသာ၍လူသိများသောဖားစည်များဖြစ်သည်။

# အခန်း (၃)
# ဖားစည်တီးခတ်အသုံးပြုပုံ



ဖားစည်ကိုအချိန်တိုင်း၊ နေရာတိုင်းတွင်အသုံးပြုလေ့မရှိပေ။ အချို့သော ဖားစည်များကို ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သော ပျော်ပွဲရွှင်ပွဲများ၊ မိရိုးဖလာရိုးရာပွဲတော်များ၊ အိမ်ဦးတက်မင်္ဂလာယူချိန်၊ နှစ်သစ်ကူးပွဲတော်၊ ဒုံးယိမ်းအက၊ မင်္ဂလာဆောင်အခမ်းအနားနှင့် စစ်အောင်သောအခါတို့တွင်တီးခတ်လေ့ရှိသည်။ သို့သော်ဖားစည်ကိုမွန်းတည့်ချိန်များတွင်သာ တီးခတ်အသုံးပြုလေ့ရှိသည်။

## ၃. ၁ ကရင့်ရိုးရာယဉ်ကျေးမှုပွဲတော်များအတွင်း ဖားစည်အသုံးပြုပုံ

ကရင်လူမျိုးများသည်ဖားစည်ကို ပျော်ပွဲရွှင်ပွဲများနှင့်တေးသီချင်းသီဆိုသောအခါများတွင်အသုံးပြုလေ့ရှိသည်။ ထို့အပြင် လူများစုဝေးစေရန်လိုအပ်သောအချိန်အခါတွင်ဖြစ်စေ၊ မင်္ဂလာအခမ်းအနားများဖြစ်သော အရိုးကောက်ပွဲကျင်းပချိန်တွင်ဖြစ်စေ၊ အိမ်ဦးတက်မင်္ဂလာယူချိန်၊ နှစ်သစ်ကူးပွဲတော်၊ ဒုံးယိမ်းအက၊ မင်္ဂလာဆောင်အခမ်းအနား၊ စစ်အောင်သောအခါတို့တွင်သာမက၊ အမင်္ဂလာအချိန်အာ

ခါများဖြစ်သော အသုဘအခမ်းအနား၊ နေကြတ်လကြတ်ချိန်၊ ကျေးရွာအတွင်းအမှားအယွင်းတစ်စုံတရာဖြစ်ပွားချိန်တို့တွင်တီးခတ်လေ့ရှိသည်။ ဖားစည်ကိုကုန်သွယ်မှုပြုရာတွင်လည်း လဲလှယ်ရေးပစ္စည်းအဖြစ်အသုံးပြုလေ့ရှိသည်။ ဖားသုံးကောင်ထပ်အမျိုးအစား ဖားစည်ကို ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားပြုလုပ်ကျင်းပချိန်၊ စပါးဆူးထိုးချိန်၊ စပါးရိတ်သိမ်းချိန်တို့တွင်တီးခတ်အသုံးပြုလေ့ရှိသည်။ ထိုသို့သောအချိန်များတွင် ဖားစည်တီးခတ်အသုံးပြုပါက သီးနှံအထွက်တိုးပြီး အေးချမ်းသာယာဝပြောမှုတို့ကိုဆောင်ကျဉ်းပေးနိုင်သည်ဟုယုံကြည်ကြသည်။

ဖားမျက်နှာချင်းဆိုင် နှစ်ကောင်ထပ်ဖားစည်ကို ရေးလူကြီးများသည် တစ်စုံတဦးသေဆုံးသောအခါတွင်ဖြစ်စေ၊ ကျေးရွာအတွင်းမကောင်းမသင့်သောကပ်ဆိုးကျရောက်ချိန်တွင်ဖြစ်စေ (၇) ကြိမ်တိတိကျယ်လောင်စွာတီးခတ်လေ့ရှိသည်။ ဖားစည်သံကိုကြားသောသူအပေါင်းတို့သည်လည်း ကျေးရွာသူကြီး၏အိမ်သို့သွားရောက်စုဝေးကြလေသည်။

မိုးခေါ်သောအခါတွင်ဖြစ်စေ၊ သွန်သင်ဆုံးမမှုပြုသောအခါတွင်ဖြစ်စေ၊ ပုံပြင်ပြောပြသောအခါတွင်ဖြစ်စေ တီးခတ်လေ့ရှိသောဖားစည်မျိုးကို “ပုံပြောဖားစည်” ဟုခေါ်သည်။ ၄င်းဖားစည်များသည်အရွယ်အစားအားဖြင့်သေးငယ်လှသောကြောင့် ရှင်ဘုရင်များစစ်ချီသောအခါတွင်လည်း ဆောင်ယူလေ့ရှိကြသည်။ ရေးအခါက အပျိုလူပျိုချင်း အောင်သွယ်သောအခါနှင့်အလျော် (လျော်ကြေး) တောင်းသောအခါတို့တွင်လည်းအသုံးပြုသည်။

နော်ဘွေဝါးရေးသားသော ကရင့်ဖားစည်အကြောင်းတွင် အသက် (၇၀) အရွယ်ရှိ ကရင်ရိုးရာယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်တစ်ဦးက “ရှေးတုန်းကဆိုရင်တောတောင်တွေထဲမှာရွာတည်ပြီး နေကြတဲ့ကရင်လူမျိုးတွေဟာ တအိမ်နဲ့တအိမ်၊ တရွာနဲ့တရွာ၊ ရွာသူရွာသားတွေစုဝေးစေချင်တဲ့အခါ ဖားစည်ကိုရိုးရိုးတီးခတ်အသံပေးပြီးစုရုံးစေကြတယ်။ အရေးကြီးကိစ္စပေါ်လာလို့ဘဲဖြစ်ဖြစ်၊ ရန်သူ့ဘေးနဲ့ကြုံရ

လို့ဘဲဖြစ်ဖြစ်ဖားစည်ကိုအမှတ်အသားအနေနဲ့တီးခတ်ကြပြီးလှူစုကြတယ်” ဟု ဆိုသည်။

ဆက်လက်၍ “ရွာသူရွာသားတွေဟာ အမှတ်အသားနဲ့တီးခတ်တဲ့ဖားစည်အသံကိုနားထောင်ပြီး၊ ကိစ္စအကြောင်းအရင်းကိုနားလည်သဘောပေါက်ကြပါတယ်။ ဖားစည်ရဲ့စူးစူးရှရှမြည်ဟီးတဲ့အသံဟာ ရွာမှာရှိတဲ့ရောဂါဘယတွေကိုပျောက်ကင်းစေနိုင်ပြီး၊ မကောင်းဆိုးဝါးတွေကို ကြောက်လန့်ရှောင်ပြေးကြရတယ်လို့ယုံကြည်ခဲ့ကြပါတယ်။ ဖားစည်ဟာ အထွဋ်အမြတ်ထားတဲ့ပစ္စည်းဖြစ်တဲ့အတွက် အတိတ်နိမိတ်များလည်းပြတတ်ပါတယ်” ဟုပြောသည်။

ရစ်ချတ်အမ်ကိုလာ၏စာအုပ်အတွင်းတွင်မူ၊ ရှေးအခါက ဖားစည်ကိုမိုးခေါ်ရာတွင် အသုံးပြုခဲ့သည်ဟုဆိုသည်။ ဖားစည်သံ သည်မိုးခြိမ်းသံ၊ ဖားအော်သံတို့နှင့်ဆင်တူပြီးမိုးရွာသွန်းစေနိုင်သည်ဟု ယုံကြည်ကြသည်။ မိုးခေါ်ရာတွင်အသုံးပြုသော ဖားစည်သည် အခြားသောဟက်ဂါ အမျိုးအစားဖားစည်များနှင့်မသက်ဆိုင်ဘဲ ဟက်ဂါ–၃ အမျိုးအစား ကရင့်ဖားစည်နှင့်သာသက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသောစည်များတွင် ဖားသဏ္ဍာန်ရုပ်ပုံများမပါရှိသောကြောင့်ဖြစ်သည်။ ဖားရုပ်ပုံများကို ဟက်ဂါ – ၃ အုပ်စုဝင် ကရင့်ဖားစည်များတွင်သာတွေ့ရှိရခြင်းကြောင့်ဖြစ်သည်။ ရစ်ချက်အမ်ကိုလာစာအုပ်အတွင်းရှိ (Byuha Khin, ibid, p. 205) ကဝ္ဋင်းတို့ကိုကရင့်ကဗျာလင်္ကာများတွင်–

မူခိၣ်ဟဲဖဲဒ့ၣ်ပှ့ၤခါ
ညၣ်ထိၣ်ဖဲမူခိၣ်ရူၤခါ
ထံဒိၣ်ထိၣ်ဖဲညၣ်ဟဲထိၣ်
ကဆိဃ့ၢ်ဖဲထံဒိၣ်ထိၣ်
သ့ၣ်ဘၣ်လီၤထွံဖဲကဆိဃ့ၢ်
ဟိၣ်ခိၣ်ဒိၣ်ထိၣ်ထိထိၣ်ဖဲသ့ၣ်ဘၣ်ဟဲ

မြန်မာလိုအသံထွက်အားဖြင့်၊

မူးခိုဟဲဖဲ ဒေပွေ့ခါး

ညာထော်ဖဲ မူးခိုစုခါး
ထီးဒိုထော်ဖဲ ညာဟဲထော်
ကဆောခေဖဲ ထီးဒိုထော်
သေဘာလေ့ထွီးဖဲ ကဆောခေ
ဟော်ခိုဒိုထော်ထောထော်ဖဲ သေဘာဟဲ

အဓိပ္ပာယ်အားဖြင့် ဖားစည်တီးခတ်သောအခါ၊ ဖားများအော်မြည်၍မိုးရွာမည်။ မြစ်ချောင်းများတွင်ငါးတက်ပြီး ကွန်းပင်များကျိုးကျ၍ ရေစီးကြောင်းနှင့်အတူ မျောပါလာမည်ဖြစ်သည်။ မျော၍ပါလာသော ထိုကွန်းသစ်များကိုဆယ်ယူရောင်းချခြင်းဖြင့် ပြည်ကြီးပွားချမ်းသာလာမည် ဟူ၍ဖြစ်ပါသည်။

ရစ်ချက်အမ်ကိုလာရေးသားသော ဖားစည်အကြောင်းစာအုပ်ထဲတွင် သုတေသနပညာရှင် Robert R. Capranica ကဖားစည်သံသည် ဖားများအော်မြည်စေရန်စိတ်ကိုလှုံ့ဆော်ပေးနိုင်စွမ်းရှိဟုဆိုသည်။ ဖားစည်သံကိုကြားသောအခါ ဖားများအော်မြည်စေရန်လှုံ့ဆော်ပေးသကဲ့သို့ဖြစ်စေပြီး၊ နောက်ဆက်တွဲအကျိုးဆက်များဖြစ်ပေါ်စေရန် သက်ရောက်မှုဖြစ်စေနိုင်သည်ဟုဆိုသည်။ ဖားစည်၊ ဖားနှင့်မိုးရွာသွန်းမှုတို့တွင်ဆက်နွယ်မှုများရှိကြောင်း ကရင်နှင့်မြန်မာလူမျိုးများလက်ခံယုံကြည်ကြလေသည်။ ၎င်း၏စာအုပ်၊ စာမျက်နှာ ၁၂၈ တွင်လည်း ဒေါက်တာမေဆင်က “ဖားစည်သွန်းလုပ်ချိန်အတွင်း ဖားအော်မြည်သံများနှင့် ဆက်နွယ်မှုရှိ၊ မရှိကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှသေချာတတ်အပ်မပြောနိုင်ပေ”ဟုဆိုသည်။

## ၃. ၁. ၁ မိုးခေါ်ပွဲအခမ်းအနားနှင့် ဖားစည်

၁၉၅၉ ခုနှစ်တွင် မြန်မာ့သုတေသနပညာရှင် ဦးမင်းနိုင်ကဖားစည်အကကို မိုးခေါ်ရာတွင်အသုံးပြုလေ့ရှိကြောင်းဖော်ပြခဲ့သည်။ ဖားစည်အကသည်စစ်သားများစစ်ချီရာတွင်ကလေ့ရှိသော စစ်ချီအကနှင့်ဆင်တူသည်။ ၎င်းအကကို ကယားပြည်နယ်အတွင်းလူမျိုးစုများဖြစ်သောကယား၊ ယင်းတောင်၊ ပဒေါင် သို့မဟုတ် ဘွဲလူမျိုးတို့ကလေ့ရှိသည်။ ဖားစည်အကကို မိုးခေါ်အကဟူ၍လည်းခေါ်သည်။ မြန်

မာနိုင်ငံအတွင်းခြောက်သွေ့သောဒေသများတွင်းမိုးခေါင်သောအခါ ပူဇော်ပွဲကျင်းပပြီး ငါးမင်းဘော်ဒီစာဘာ ထံဆုတောင်းခြင်း သို့မဟုတ် မိုးခေါ်လွှန်ဆွဲပွဲတို့ကို ကျင်းပလေ့ရှိသည်။ ထိုနည်းတူစွာပင်ကယားလူမျိုးတို့သည်လည်း မိုးခေါင်သောကာလများတွင် ဖားစည်အကအားဖြင့်ကခုန်ပါက မိုးရွာသွန်းစေနိုင်သည်ဟုအယူရှိသည်။ စော်ဘွားများအုပ်စိုးသောခေတ်တွင် ဖားစည်အကကို၎င်းတို့ကအကုန်အကျခံပြီး ကျင်းပပေးလေ့ရှိသော်လည်း ယခုအခါကျေးရွာခေါင်းဆောင်၊ ရွာသူကြီးများကဦးစီးကျင်းပပေးလျှက်ရှိသည်။

မျက်မှောက်ကာလ တွင်ဖားစည်အကများကို ကျေးလက်တောရွာများတွင်သာပြုလုပ်ကျင်းပလျှက်ရှိသည်ကိုတွေ့ရသည်။ ဖားစည်အကကို ကျင်းပသောအခါတွင်လည်း ကုန်ကျစရိတ်များဖြစ်သောငါး၊ ဝက်၊ ကြက်၊ ဘဲနှင့်အရက်တို့ကိုဝယ်ယူရန် ရွာသူရွာသားများကစုပေါင်းကျခံကြသည်။ ပွဲကျင်းပသောအခါတွင် ကျေးရွာအတွင်းရွာအတွင်းရှိ ရွာသူရွာသားများအား ၂ စုခွဲထား၍၎င်းတို့အတွက်ခေါင်းဆောင် ၂ ယောက်ကိုပါသီးသန့်ရွေးခြယ်ထားရသည်။

ထို့နောက် ခေါင်းဆောင်သည်ဒိုင်းနှင့်လှံတံတို့ကိုကိုင်ဆောင်ပြီးဟန်ရေးပြရသည်။ ထိုအခါ ဖားစည်ကိုစတင်တီးခတ်လိုက်ပြီး အဖွဲ့ခေါင်းဆောင် ၂ ဦးမှစည်းချက်ညီညီကပြပြီး၊ အဖွဲ့သားများက ၎င်းတို့အဖွဲ့ခေါင်းဆောင်ကသကဲ့သို့ လိုက်ပါကပြကြရသည်။

ကောက်စိုက်မင်္ဂလာအချိန်အခါတွင်တီးခတ်လေ့ရှိပြီး စိုက်ပျိုးပြီးအချိန်တွင်မိုးရွာသွန်းစေရန်အတွက်ဖြစ်သည်။ ၁၉၁၈ တွင် Sir J. George Scott က၊ ကရင်နီလူမျိုးများပြုလုပ်သည့်ပွဲတော်နှစ်ခုအကြောင်းကို ရေးသားဖော်ပြခဲ့သည်။ ပထမတစ်ခုမှာ သင်္ကြန်အချိန်တွင် ကျေးရွာခေါင်းဆောင်မှပွဲတော်ပြုလုပ်ကျင်းပရမည့်နေရာ သို့မဟုတ် တိုင်များစိုက်ထူရန်နေရာကိုသတ် မှတ်ပေးသည်။ ကျေးရွာငယ်များတွင် တိုင်အဖြစ်ဝါးကိုအသုံးပြုကြပြီး၊ မြို့ကြီးပြကြီးများတွင်မူ တိုင်အဖြစ် သစ်တိုင်များကို အသုံးပြုကြသည်။ တိုင်များ၏အမြင့်မှာပေ ၅၀ မှ ၆၀ အထိရှိသည်။ တစ်နှစ်တစ်

ကြိမ်တိုင်များကိုစိုက်ထူ၍ ကြက်ရိုးထိုးပွဲ  နှင့်အလှူအတန်းများပြုလုပ်ပြီး သစ်ကောင်းများရရှိရန်၊ မည်သည့်သစ်ပင်အမျိုးအစား မည်သည့်အချိန်တွင်ကျိုးကျမည်၊ မည်သည့်အချိန်တွင်ရွက်ဟောင်းကြွေမည်သိရှိပြီး တိုင်ထောင်ခြင်းအခမ်းအနား (ကေးထိုးဘိုးပွဲတော်) ကိုကျင်းပရန်ဖြစ်သည်။ သစ်ကိုရှိပြီးသောအခါ၊ သစ်ပင်အားခုတ်လှဲပြီး တိုင်ထောင်ရန်ပြင်ဆင်ကြလေသည်။ ပုံသဏ္ဌာန်အမျိုးမျိုးရှိသော်လည်းကွဲပြားမှုမရှိလှပေ။ ကြက်ရိုးထိုးခြင်းပြီး ဆုံးသောအခါနေ့ကောင်းရက်သာသည်အမြဲတစေပြေလတွင်သာကျရောက်လေ့ရှိသည်။ ထို့နောက်ရွာသားများသည် တိုင်စိုက်ထူရန်သယ်ဆောင်ကြလေသည်။ တစ်ခါတစ်ရံတွင်ခရီးဝေးကွာလွန်းသောကြောင့် တိုင်ကိုသယ်ယူရန် ရက်ပေါင်းများစွာကြာမြင့်တတ်သည်။

ထိုသို့သောအခါမျိုးတွင် တောစောင့်တောင်စောင့်နတ်များဖြစ်စေ၊ လူသားများဖြစ်စေတိုင်ပေါ်တွင် ကျော်ခွသွားခြင်းမျိုးမရှိစေရန် သယ်ယူသောသူများသည် တိုင်ပတ်ပတ်လည်တွင် စောင့်ပြီးအိပ်ကြရလေသည်။ တိုင်ထောင်သောအခါတွင်လည်းဖားစည်၊ ဗုံမောင်းများတီးခတ်ကခုန်ကြရသည်။ ထို့နောက်ပွဲတော်အတွက်ရွာသူရွာသားများစုပေါင်းလှူဒါန်းကြပြီး ဝက်သားနှင့်အရက်များကိုပျော်ရွှင်စွာအတူတကွစားသောက်ကြလေသည်။ အခြားသောပွဲတော်တစ်ခုကို မိုးရွာသွန်းမှုများသောဩဂုတ်လတွင်ကျင်းပလေ့ရှိသည်။ ပျိုးကြဲပြီးချိန်ဖြစ်သောကြောင့် ရွာသူရွာသားများမှာ လုပ်ဆောင်ရန်လုပ်ငန်းဆောင်တာများ ကင်းရှင်းသွားချိန်ဖြစ်သည်။ ထိုသို့သောအခါမျိုးတွင် ရွာသူရွာသားများစုရုံးကြပြီး ဖားစည်နှင့်မောင်းများတီးခတ်ပြီး ပူဇော်ပသလေ့ရှိသည်။

## ၃. ၁. ၂ ပျော်ပွဲရွှင်ပွဲများနှင့် ဖားစည်

ရှေးအခါက၊ ကရင်လူမျိုးများသည် တစ်နှစ်တကြိမ် ရွှေ့ပြောင်း၍တောင်ယာလုပ်ကိုင်သည့်အစဉ်အလာရှိသည်။ နေရာသစ်ရောက်တိုင်း နေထိုင်ရန်အိမ်များကိုဆောက်လုပ်ကြရပြီး ၄င်းအိမ်သစ်တွင်မနေထိုင်မီ အိမ်သစ်တက်မင်္ဂလာအခမ်း

အနားကိုပြုလုပ်ကျင်းပလေ့ရှိပေသည်။

အိမ်သစ်တက်မင်္ဂလာအခမ်းအနားများတွင်ဖားစည်ကိုတီးခတ်လေ့ရှိသည်။ ထိမ်းမြားမင်္ဂလာအခမ်းအနားများတွင် ဧည့်သည်များကိုဖိတ်ခေါ်ရန်နှင့် သေလွန်ပြီးသော ဘိုးဘွားမိဘတို့၏ ဝိဉာဉ်ကဖိတ်ခေါ်ရန်အတွက် ဖားစည်ကိုတီးခတ်ကြသည်။ ဖားစည်များကို မင်္ဂလာအခမ်းအနားများ၊ စေ့စပ်ပွဲများတွင်လည်း မင်္ဂလာခန်းဝင် လက်ဖွဲ့ပစ္စည်းများအဖြစ်လည်း ပေးအပ်ကြပေသေးသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ရစ်ချက်အမ်ကိုလာက ခရစ်ယာန်ဘာသာမြန်မာနိုင်ငံအတွင်းသို့မရောက်ရှိမှီအချိန်တွင် ကရင်လူမျိုးများသည် တောင်းရမ်းလက်ထပ်မင်္ဂလာပြုသောအခါ ဖားစည်ဖြင့်တင်တောင်းလေ့ရှိသည်။ ထိုအခါတွင် ဖားစည်၏တန်ဖိုးကို ငွေသား ၃၀၀ နှင့် ကျွဲ ၇ ကောင်၏ ဦးခေါင်းနှင့်ညီသည်ဟု ဆုံးဖြတ်သည်။

## ၃. ၁. ၃ စစ်ပွဲနှင့်ဖားစည်

စစ်ပွဲများအတွင်းတွင်လည်း ဖားစည်ကိုတီးခတ်လေ့ရှိသည်။ ၎င်းအဆိုကို ရစ်ချက်အမ်ကိုလာက "စစ်ပွဲများအတွင်းတွင်ဖားစည်ကို တီးခတ်အသုံးပြုသည်ဟူသောအယူအဆမှာ မှားကောင်းမှားပေမည်။ အဘယ်ကြောင့်ဆိုသော် ကရင်လူမျိုးများသည်စစ်ဖြစ်ပွားမှုမရှိခဲ့ခြင်းနှင့် အခြားသူများနှင့်လည်း ရန်ဘက်ပြုခဲ့ခြင်းမရှိသောကြောင့်ဖြစ်သည်။" ဟုဆိုသည်။ ဖားစည်ကို စစ်ချီသောအခါများတွင်တီးခတ်အသုံးပြုလေ့မရှိပေ။ သို့သော်၊ စစ်မချီမှီနှင့် စစ်အောင်သောအခါတို့တွင် စိတ်ဓာတ်တက်ကြွလာစေရန်အတွက်တီးခတ်လေ့ရှိသည်။

## ၃. ၁. ၄ နေကြတ်ချိန်နှင့်ဖားစည်

နေကြတ်ချိန်များတွင် ဖားစည်ကိုတီးခတ်လေ့ရှိသည်။ ဖူးတောအူးရေးသားသော ကရင်ရိုးရာလက်စွဲစာအုပ်တွင် နေကြတ် ချိန်တွင်ရွာသူကြီးအနေဖြင့် အိမ်အမိုး

ထက်သို့တက်ပြီး “အသင်နေမင်းနှင့်လမင်းတို့၊ ဂရုပြုကြလော့။ သင်တို့၏ခါးတွင် ဓားတို့ကိုမြဲမြံစွာချိတ်ဆွဲထားလော့။ သင်တို့၏ရန်သူသည် သင်တို့အားဝန်းရံလျှက်ရှိသည်။” ဟူ၍ဖြစ်သည်။ ထို့နောက် အိမ်တွင်းသို့တဖန်ပြန်ဝင်၍ ဖားစည်တီးခတ်ခြင်းဖြင့် နေနှင့်လတို့အားသတိပေးရလေသည်။

## ၃. ၁. ၅ ဖားစည်ကိုမျက်မှောက်ကာလတွင်အသုံးပြုခြင်း

မျက်မှောက်ကာလတွင်ဖားစည်ကို တေးသီချင်းသီဆိုသောအခါများတွင် အခြားသောတူရိယာများဖြင့်တွဲဖက်တီးခတ် လေ့ရှိသည်။ ဖားစည်ကိုတီးခတ်သောအခါတွင်ကွယ်ခေါ် ကျွဲချို ဖြင့်တွဲဖက်တီးမှုတ်လေ့ရှိသည်။ ယနေ့ခေတ်၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားများတွင်ငြိမ်းချမ်းရေးနိမိတ်လက္ခဏာအဖြစ် ဖားစည်ကိုချိတ်ဆွဲတီးခတ်လေ့ရှိသည်။ ကရင်တစ်မျိုး သားထုလုံးအတွက်ဖားစည်သည် စုဝေးစုရုံးရန်နှင့်နှလုံးသည်းပွတ်ပင်ဖြစ်ပေသည်။



*ပုံ (၆) ကရင်နှစ်သစ်ကူးပွဲတော် (ပုံ– ကရင့်သတင်းစဉ်)*

## ၃. ၁. ၆ လူမျိုးခြားယဉ်ကျေးမှုများအတွင်းအသုံးပြုသောကရင့်ဖားစည်

ကရင့်ဖားစည်ကို အခြားသောယဉ်ကျေးမှုများကြားအသုံးပြုမှုနှင့်ပတ်သက်၍ ပရော်ဖက်ဆာ ရစ်ချက်အမ်ကိုလာရေးသားသော "The Karen Bronze Drum of Burma" ထဲတွင်ကရင့်ဖားစည်ကို မြန်မာနန်းတွင်း၌သော်လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း၌သော်လည်းကောင်း အသုံးပြုလျက်ရှိကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်ကိုတွေ့ရသည်။

## မြန်မာနန်းတွင်းရှိကရင့်ဖားစည်

သမိုင်းအထောက်အထားအချက်အလက်များအရ"စည်"ဟူသောအသုံးအနှုန်းကိုရှေးခေတ်ကျောက်စာ (၂) ချပ်ပေါ်တွေ့ရှိရသည်။ ၎င်းကျောက်စာနှစ်ချပ်ကို ၁၀၅၆ ခုနှစ်မတိုင်မီ၊ မွန်ဘုရင် မနူဟာမင်း သထုံတွင်နန်းစံစဉ် "မူးမတ်များကစည်များတီးခတ်၍ကြိုဆိုတယ်...." လို့ဖော်ပြထားတာကိုကျောက်စာအထောက်အထားအရတွေ့ရှိရပါတယ်။

ထို့ကြောင့်၊ မွန်လူမျိုးများသည် ရှေးယခင်ကတည်းက၊ ကရင့်ဖားစည်ကိုရှင်ဘုရင်များအတွက်အသုံးပြုခဲ့ကြောင်းသိရှိနိုင်သည်။ မြန်မာနှင့်ထိုင်းလူမျိုးများ ယခုအခေါ်ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ အတွင်းသို့မဝင်ရောက်မီကပင်၊ မွန်လူမျိုးများသည် ထိုင်းနှင့်မြန်မာ နိုင်ငံအရှေ့ပိုင်းလွင်ပြင်ဒေသများ၌နေထိုင်ခဲ့ကြသည်။ ထိုဒေသများသည် တောင်ပေါ်ကရင်လူမျိုးများနေထိုင်ရာဒေသများနှင့်ထိစပ်လျက်ရှိပြီး ကူးသန်းရောင်းဝယ်ခြင်းအားဖြင့်သော်လည်းကောင်း၊ လက်ဆောင်ပဏ္ဏာပစ္စည်းများ အဖြစ်သော် လည်းကောင်း၊ လှူဒါန်းခြင်းအားဖြင့်သော်လည်းကောင်းကရင့်ဖားစည်များသည် မွန်နန်းတွင်းသို့ရောက်ခဲ့ဟန်တူသည်။

၁၀၈၃ ခုနှစ် မတိုင်မီရေးထိုးသော ကျန်စစ်သားကျောက်စာအရ ကျန်စစ်မင်းသည်အန္ဒိယနိုင်ငံသို့ ဗုဒ္ဓဂါယာအဖွဲ့တဖွဲ့စေလွှတ်ခဲ့စဉ်က ဖားစည်များကို လှူဖွယ်

ပစ္စည်းအဖြစ်အသုံးပြုခဲ့ကြောင်းဖော်ပြခဲ့သည်။ ၁၁၀၂ ခုနှစ်တွင်၊ နန်းသစ်တက်ပွဲ အခမ်းအနားပြုလုပ်ကျင်းပသောအခါ ဖားစည်တီးခတ်ခဲ့ကြောင်းဖော်ပြခဲ့သည်။ ကျန်စစ်သားကျောက်စာအတွင်းဖော်ပြပါ စည်များအားလုံးသည် “ကရင့်ဖားစည်” များဖြစ်ကြပေသည်။ ကရင့်ဖားစည်များကို ၁၁ ရာစုတွင်ရေးထိုးသောမွန်ကျောက်စာများတွင်သာတွေ့ရှိရသည်။ နောက်ပိုင်းရေးထိုးသောကျောက်စာများတွင်မတွေ့ရတော့ပေ။ ၁၉ ရာစု ရွှေဘိုမင်းလက်ထက်တွင်မှ ကရင့်ဖားစည်များကို ဘုန်းကြီးကျောင်းများသို့လှူဒါန်းခဲ့ကြောင်းတွေ့ရှိရသည်။

## ထိုင်းနိုင်ငံတွင်းရှိကရင့်ဖားစည်

အယုဒ္ဓယခေတ် (Ayuthaya Period) တွင်ကရင့်ဖားစည်များကိုအခြားသောတူရိယာပစ္စည်းများနှင့်တွဲဖက်၍ ဘာသာရေးပွဲတော်များတွင် အသုံးပြုကြသည်။ ၎င်းသည်မြန်မာ့တရားခုံရုံးများတွင် အသုံးပြုသကဲ့သို့ပင်ဖြစ်သည်။ ဖားစည်အသုံးပြုမှုများကို ဘန်ကောက်မြို့ကိုတည်ထောင်သော ရှင်ဘုရင်ချာကရိ (Chakri) လက်ထက်တိုင်အသုံးပြုခဲ့ကြသည်။

၁၉၄၄ ခုနှစ်တွင်၊ အာရစ်ကိုလာ (Ulrich Gohler) က ထိုင်းနိုင်ငံတွင်းရှိ ကရင့်ဖားစည်များကိုစာရင်းပြုစုရန်အတွက် ဘန်ကောက်မြို့ရှိ နန်းတော်ရာများသို့သွားရောက်လေ့လာခဲ့သည်။ ထိုအခါဖားစည် ၂၆ လုံးထက်မနည်းတွေ့ရှိရသော်လည်း လွှတ်တော်လွှတ်ရပ်များရှိအဆင်တန်ဆာများကဲ့သို့လည်းကောင်း၊ အခြားသော ၆ လုံးမှာဘုရင်နန်းတွင်းကြွချီလာစဉ်နှင့်ပြန်လည်ကြွချီသွားသောအခါ ဖားစည်ကို အခြားသောတူရိယာပစ္စည်းများနှင့်တွဲဖက်၍တီးခတ်သည်။ ဘုရင်များသည်ဖားစည်ကိုလှူဖွယ်ပစ္စည်းအဖြစ် ဘုန်းကြီးကျောင်းများသို့လှူဒါန်းသည့်အစဉ်အလာလည်းရှိသည်။

၁၉၃၂ ခုနှစ်တွင် မာရှယ်သည်ဝက်ယိုင် (Wat Yai)၊ ဖီးစနူလို့ (Pitsanuloke) ကျောင်းဝင်းအတွင်းဖားစည် ၄ လုံးကိုတွေ့ရှိရကြောင်းဖော်ပြခဲ့သည်။ ၎င်းတို့အ

တွင်း ၃ လုံးမှာ ထိုင်းအဆင်တန်ဆာများဖြင့်ခြယ်သထားပြီး တိုင်လေးတိုင်ထက်တွင်ချိတ်ဆွဲထားသည်။ ၄င်းတို့ကို တီးခတ်ရန်အသင့်အနေအထားအဖြစ်ထားရှိနိုင်သကဲ့သို့၊ စားပွဲအဖြစ်လည်းအသုံးပြု၍ ရနိုင်ကြောင်းဖော်ပြခဲ့သည်။ အချုပ်အားဖြင့်ဆိုရသော်၊ ကရင့်ဖားစည်ကိုနှစ်ပေါင်း ၉၀၀ အတွင်းတစ်ခါတရံတွင် နာမည်ကျော်ပုဂ္ဂိုလ်များ၊ မြန်မာနန်းတွင်းနှင့်ထိုင်းတရားခုံရုံးများအတွင်း အသုံးပြုခဲ့ကြသည်။ မြန်မာနှင့်ထိုင်းလူမျိုးများသည် မွန်လူမျိုးများနှင့်စတင်သိကျွမ်းစဉ်ကတည်းကပင် စတင်အသုံးပြုနေကြပြီဖြစ်ရာ မြန်မာနှင့်ထိုင်းနိုင်ငံအတွင်းဖားစည်အသုံးပြုမှုများသည်မွန်ယဉ်ကျေးမှုများမှ ဆင်းသက်လာသည်ဟုယူဆရပေသည်။



## အခန်း (၄)

# ဖားစည်အားထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ရှောင်ကြဉ်ရန်များ

သက္ကရာဇ် ၂၀၀၀ ယဉ်ကျေးမှုကော်မတီ၊ ကရင့်ယဉ်ကျေးမှုလက်စွဲစာအုပ်နှင့်အခြားသောဆောင်းပါးများတွင် ဖားစည်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍အောက်ပါအတိုင်းဖော်ပြထားသည်။

ဖားစည်ကိုချိတ်ဆွဲထားရန်အတွက်အစွန်းတွင် အနားနှစ်ဖက်ပါရှိသည်။ ဖားစည်ကိုထားရှိရန်အတွက်ခြေထောက် (ထောက်တိုင်) ပြုလုပ်ထားသော်လည်းနေရာတစ်သမတ်တည်းတွင် သာထားလေ့ရှိသည်။ ဟိုမှသည်ပြောင်းရွှေ့လေ့မရှိပေ။ ထို့အပြင်၊ ဖားစည်သည် ကရင်လူမျိုးတို့၏အထွဋ်အမြတ်ထားရာ ဖြစ်သောကြောင့်မြင့်သောနေရာတွင်ထားရှိပါက လွန်စွာတင့်တယ်လှမည်ဖြစ်သော်လည်း တကယ့်လက်တွေ့၌မူကား ဖားစည်တွင်ချိတ်ဆွဲရန်အနားကွင်းနှစ်ဖက်ပါရှိပြီး၊ တ

ဖက်ကိုအပေါ် တည့်တည့်တွင်ချိတ်ဆွဲလျှက်ထားရှိပြီး၊ ကျန်တဖက်ကိုအောက် တည့်တည့်တွင်ထားရှိရမည်ဖြစ်သည်။ အပေါ်ဖက်ပိုင်းကွင်းကို အသက်ရှင်ခြင်းဟု ခေါ်ပြီး အောက်ပိုင်းကိုသေခြင်းဟုခေါ်သည်။ ထို့ကြောင့် ဖားစည်ကိုထိန်းသိမ်းရသောသူသည်ဤအချက်ကိုသတိထားရမည်ဖြစ်သည်။

ဖားစည်ကို အမြင့်တွင်ထားသည်ဖြစ်စေ၊ နိမ့်သောနေရာ (အောက်တွင်) ထားသည်ဖြစ်စေဖားစည်ကိုဘေးတိုက်အနေအထားဖြင့်လှဲ၍ထားရမည်။ ဒေါင်လိုက်မထားရ။ ဖားစည်ထက်တွင်မထိုင်ရ။ ဖားစည်ထက်တွင် ပစ္စည်းပစ္စယများတင်မထားရပါ။ ဖားစည်ကို စပါးထည့်စရာတင်း၊ တောင်းကဲ့သို့အသုံးမပြုရပေ။ အကယ်၍အထက်ဖော်ပြပါရှောင်ရန်တို့ကိုမလိုက်နာပါက ဖားစည်တန်ခိုးအရှိန်အဝါကျဆင်းလာပြီးအစွမ်းထက်မြက်မှုလည်းရှိတော့ မည်မဟုတ်ပေ။ ချိတ်ဆွဲသောအခါတွင်လည်း သံကြိုးဖြင့်ချိတ်ဆွဲခြင်းမပြုရပေ။ အကယ်၍ချိတ်ဆွဲပါက ဖားစည်သံပျက်သည်ဟုအဆိုရှိသည်။

## ၄. ၁ ဖားစည်၏ဂုဏ်အင်္ဂါနှင့်တီးခတ်ပုံ

ဖားစည်သည် ကရင်လူမျိုးတို့၏ ရိုးရာ၊ ယဉ်ကျေးမှု၊ နေထိုင်ရာအရပ်ဒေသတို့ကို ဖော်ညွှန်းသောပစ္စည်းဖြစ်သောကြောင့်ထူးခြားသောဂုဏ်အင်္ဂါများရှိသောပစ္စည်း အဖြစ်ကရင်အမျိုးသားတို့ ယုံကြည်ယူဆကြသည်။ ဖားစည်ကိုတီးခတ်သောအခါငှင်း၏ဦးခေါင်းကိုရိုက်ပုတ်တီးခတ်သကဲ့သို့ဖြစ်သောကြောင့် မိရိုးဖလာကိုးကွယ်ယုံကြည်သူများအနေဖြင့် ဖားစည်ကိုရေချိုး၊ ခေါင်းလျှော်ပေးပြီးလိပ်ပြာဝိဉာဉ်ခေါ်ပေးရသည်။ ကရင်ခရစ်ယာန်များတို့မှုကားထိုသို့မဟုတ်သော်ငြားလည်း အခြားသောနည်းဖြင့်ပြုလုပ်ကြပေသည်။ ဖားစည်ကိုရေချိုး (ရေဆေး) ပေးပြီးသောအခါနံ့သာဖြူဖြင့်လိမ်းကျံပေးရသည်။

ရှေးလူကြီးများ၏အဆိုအရ၊ ဖားစည်ကိုရိုက်သည်၊ ပုတ်သည်ဟုမဆိုရပေ။ တီးခတ်သည်ဟုဆိုရသည်။ ရိုက်ခြင်း၊ ပုတ်ခြင်း၊ နာကျင်စေခြင်း၊ သတ်ဖြတ်ခြင်းမပြုရပေ။ ဖားစည်ကိုအသက်ရှိသောသတ္တဝါကဲ့သို့သဘောထားကြသည်။ ဖားစည်ကို

တီးခတ်သောအခါတွင်လည်းလက်နှစ်ဖက်လုံးကိုအသုံးပြုရသည်။ တီးခတ်သော အခါတွင်ဖားစည်မျက်နှာပြင်ရှိ နေဝန်းပုံတည့် တည့်ကိုတီးခတ်ရသည်။ အခြား သောနေရာများကိုတီးခတ်ခြင်းမပြုရပေ။ ထို့အပြင်နေဝန်းသည်အစဉ်အမြဲထွန်း လင်းပြီး၊ ကရင့်နေဝန်းသည်နေဝင်ချိန် (နေဝင်နေသောပုံ) မဟုတ်ပေ။

ဖားစည်တီးခတ်ခြင်းနှင့်ပတ်သက်၍ ရစ်ချက်အမ်ကိုလာကလည်း၊ ဖားစည်တီး ခတ်သောအခါတွင် လက်နှစ်ဖက်ကိုအသုံးပြုရသည်။ လက်ယာဖက်တွင်မောင်း တံကိုကိုင်ရပြီး၊ လက်ဝဲဖက်တွင်နီးဝါးကဲ့သို့သောတုတ်ချောင်းကိုကိုင်ရသည်။ မောင်းတံကို ဖားစည်မျက်နှာပြင်တည့်တည့်ရှိနေဝန်း၏အလယ်ဗဟိုကို တီးခတ် ရပြီး၊ လက်ဝဲဖက်က ဝါးနီးကိုလက်လျှိုပြီးဖားစည်၏ ကိုယ်ထည်ကိုတီးခတ်ရ သည်။ ဖားစည်ကိုတီးခတ်သောအခါ လက်နှစ်ဖက်လုံးအသုံးပြုပါမှ နည်းလမ်းမှန် ပေသည်။ ဖားစည်တီးခတ်ရာတွင်နည်းလမ်းမမှန်ပါက ခိုက်တတ်သည်ဟုအယူရှိ သည်။ အချို့သောဒေသများတွင်အကြောင်းမဲ့ဖားစည် တီးခတ်ပါကရပ်ရွာအ တွင်း လူသေစေနိုင်သည်ဟူ၍လည်းအယူရှိသည်။ ထို့ကြောင့် ဖားစည်ကိုအ ကြောင်းမဲ့တီးခတ်ခြင်း မပြုရန်တားမြစ်ထားကြသည်။

ကပွဲများတွင်ဖားစည်ကို လင်းကွင်း၊ မောင်း၊ ပလွေတို့နှင့်တွဲဖက်၍ တူရိယာပစ္စည်း ကဲ့သို့အသုံးပြုကြသည်။ ထိုသို့သောအခါမျိုးတွင်ဖားစည်သည် ကရင့်ရိုးရာတူရိ ယာပစ္စည်းဖြစ်သွားလေသည်။ သို့ရာတွင်ဖားစည်ကို မြေပြင်ထက်တွင်ချထား ခြင်းမျိုးမပြုလုပ်ကြပေ။ အကယ်၍မြေပြင်ပေါ်တွင်ချထား၍တီးခတ်ပါက ခပ်အုပ် အုပ်အသံမျိုးဖြစ်သွားပြီး အသံသာခြင်းမရှိတော့ပေ။

ဖားစည်ကို သစ်ကိုင်းထက်တွင်ဖြစ်စေ၊ အိမ်တိုင်ထက်တွင်ဖြစ်စေ မြင့်သောနေရာ တို့တွင်ချိတ်ဆွဲထားလေ့ရှိကြသည်။ ဖားစည်သည် ကရင်လူမျိုးတို့၏အဖိုးတန် ပစ္စည်းဖြစ်သော်လည်း ယနေ့မျက်မှောက်ကာလတွင် ဖားစည်ကိုတွေ့ရှိအသုံးပြုမှု လွန်စွာနည်းပါးလာသည်ကိုတွေ့ရှိရပေသည်။ ထို့ကြောင့် ဖားစည်မတိမ်ကောမ ပပျောက်စေရန်အလို့ငှာ၊ ထိန်းသိမ်းစောင့်ရှောက်ရန် ကရင်အမျိုးသားတိုင်းတို့

တွင်တာဝန်ရှိနေပေသည်။

## ၄။ ၂ ဖားစည်နှင့်ပတ်သက်၍ကရင်လူမျိုးတို့လိုက်နာ အပ်သောရှောင်ရန်များ

ကရင့်ယဉ်ကျေးမှုလက်စွဲစာအုပ်တွင်၊ မတီးခတ်ဘဲ သူ့အလိုလိုအသံမြည်သော ဖားစည်များရှိကြောင်းသိရှိရသည်။ တစ်စုံတခုသောအချင်းအရာဖြစ်ပျက်တော့ မည်ဆိုပါက ဖားစည်ကသူ့အလိုလို "ရေးရေးရေး၊ ရိုးရိုးရိုး၊ ငေးငေးငေး၊ ငိုးငိုးငိုး" ဟူ၍အသံမြည်လာတတ်ပြီး၊ ထိုအခါဖားစည်ပိုင်ဆိုင်သူသည် သတိထားရမည် ဖြစ်သည်။ ထိုသို့အသံမြည်လာပါကဖားစည်ပိုင်ဆိုင်သူသည်ကျေးရွာအတွင်း လှည့်လည်ပြီး နာမကျန်းဖြစ်သူရှိ၊ မရှိလေ့လာရမည်ဖြစ်သည်။ အကယ်၍နာမ ကျန်းဖြစ်သူရှိပါက ကုသမှုခံယူရန် အကူအညီပေးရမည်ဖြစ်သည်။ အခြေအနေ အားလုံးကောင်းသွားသောအခါ ဖားစည်မြည်သံ သည်လည်းသူ့အလိုလိုရပ်တန့် သွားမည်ဖြစ်ပေသည်။

အခြားလေ့လာချက်တစ်ခုတွင် ဖားစည်သည် ပိုင်ရှင်နှင့်အတူသေဆုံးခြင်းဖြစ် သည်။ ဖားစည်များကိုစုဆောင်းသူတစ်ဦးသေဆုံးသောအခါတွင် သူ၏အနှစ် သက်ဆုံးဖားစည်ကိုယူပြီး၊ သေဆုံးသူဖားစည်ပိုင်ရှင်နှင့်တပါတည်းမြှုပ်နှံရသည်။ ထိုဖားစည်ကိုလည်း အစိတ်စိတ်အမွှာမွှာဖြစ်အောင်လုပ်ပြီးမှ မြှုပ်နှံရသည်။ ဤ သို့ဖြင့် ဖားစည်သည်လည်းပိုင်ရှင်နှင့်အတူသေဆုံးသည်ဟုမှတ်ယူကြသည်။

ဖားစည်အသုံးပြုမှုနှင့်ပတ်သက်၍ ရစ်ချက်အမ်ကိုလာက ဤသို့ဖော်ပြခဲ့သည်။ ရှေးအခါက ဓနအင်အားတောင့်တင်းကြွယ်ဝသူများသေဆုံးသောအခါ ၄င်း၏ မောင်းမမိဿံ၊ ဆင်၊ မြင်းနှင့်ဥစ္စာပစ္စည်းများကို သေသူနှင့်တပါတည်းမီးသဂြိုလ် ကြသည်။ ၁၆ ရာစုသို့ရောက်သောအခါ ထိုအစဉ်အလာကိုဖျက်သိမ်းခဲ့ပြီးဖြစ် သော်လည်း၊ ဤဖားစည်အကြောင်းကို ရေးသားနေသောအချိန်အထိဆက်လက် ကျင့်သုံးလျက်ပင်ရှိနေသေးကြောင်းဖော်ပြခဲ့သည်။ တခါတရံတွင် ဖားစည်ကိုဖွဲ့ပြီး

သေဆုံးသူနှင့်အတူသင်္ဂြိုလ်ပြီး သို့မဟုတ် ဖားစည်အကြီးနေရာတွင်ဖားစည်ငယ်များကိုအစားထိုးသင်္ဂြိုလ်ကြသည်ဟူ၍ လည်းဖော်ပြသည်။ နောက်ပိုင်းတွင် ဖားစည်၏တန်ဖိုးလျော့နည်းလာရခြင်းမှာ သေသူနှင့်သက်ဆိုင်သောပစ္စည်းဖြစ်သောကြောင့်ဖြစ်သည်ဟုဆို၏။

အခြားသောအဆိုပြုချက်တစ်ရပ်မှာ ဆွေမျိုးသားချင်းတစ်ဦးတစ်ယောက်သေဆုံးသောအခါ ဖားစည်၏ကိုယ်ထည်ပိုင်းကိုဖဲ့ပြီး သေဆုံးသူနှင့်အတူသင်္ဂြိုလ်လေ့ရှိသည်။ ဖားစည်နှင့်သက်ဆိုင်သူ ဆွေမျိုးသားချင်းတို့တွင် နောက်ဆုံးသောသူဖြစ်ပါက ဖားစည်၏အလယ်ဗဟိုတည့်တည့်ရှိ နေဝန်းကိုထုတ်ပြီး သေဆုံးသူနှင့်အတူသင်္ဂြိုလ်ကြသည်။

"အားမာန်သစ်" စာစောင်ရှိ နော်လားပွယ်ရေးသားသော ကရင့်ဖားစည်အကြောင်းတွင်မူ၊ ဖားစည်တွင် ကိုယ်ပိုင်ဂုဏ်အင်္ဂါရပ်များရှိသောကြောင့် ဖားစည်ကိုမြင့်မြတ်သန့်ရှင်းသောနေရာများတွင်ထားရှိရသည်။ တခါတရံ ဖားစည်သည်ချွေးပြန်သကဲ့သို့အရည်ထွက်သောအခါ ကွမ်း၊ ဆေး၊ အရက်တို့ဖြင့်ပူဇော်ရသည်။ တီးခတ်ခြင်းမပြုဘဲ အလိုလိုအသံမြည်ပါက မကောင်းမသင့်ဟုအယူရှိသည်။ ဖားစည်ငိုသည်ဟုလည်းခေါ်သည်။ ဖားစည်ငိုသောအခါ ကျေးရွာအတွင်းအနာရောဂါထူပြောပြီး၊ ရွာသားများကို ခိုက်တတ်သည်ဟုအယူရှိသည်။ ထိုအခါမျိုးတွင်လည်းဖားစည်ကိုပူဇော်ပသရလေသည်။

ဖားစည်ပိုင်ရှင်သည် ကျေးရွာအတွင်းလှည့်လည်ပြီးစစ်ဆေးရပြီး မကောင်းမသင့်သောအရာကို ရွာတွင်းမှမောင်းထုတ်ရသည်။ ထို့အပြင်ဖျားနာသောသူရှိပါကလည်း ထိုသူထံသို့သွား၍ အားပေးစကားပြောကြားခြင်းတို့ပြုလုပ်ခြင်းအားဖြင့်ကျေးရွာတွင်းအ ခြေအနေများကို ချက်ချင်းသင့်လျော်သလိုစီမံပြုလုပ်ပေးရသည်။

စစ်ပွဲများအတွင်းတွင်လည်း ဖားစည်တီးခတ်ပါက ရန်သူများသည်ဖားစည်သံကိုကြားရခြင်းအားဖြင့် ကြောက်ရွံ့စိတ်များဖြစ်ပေါ်ပြီး၊ ကစဉ့်ကလျားထွက်ပြေးစေနိုင်

သည်ဟုအယူရှိသည်။ ၎င်းဖားစည်မျိုးကို "သေမင်းတမာန်ဖားစည်" ဟုခေါ်သည်။ ရှေးအခါက ဖားစည်ကိုတစ်ကြိမ်တီးခတ်လျှင်လူတစ်ယောက်သေသည်ဟူ၍လည်းအယူရှိသည်။ ရွာတွင်းမကောင်း မသင့်သောအရာများကိုစီရင်ပြီးပါက ဖားစည်ကိုအမွှေးနံ့သာများဖြင့်ပက်ဖျန်းပြီးကွမ်း၊ ဆေး၊ လက်ဖက်တို့အပြင်ဂါထာများဖတ်ရွတ်ပြီး ဖားစည်ကိုအသက်သွင်းရသည်။



## အခန်း (၅)
# ဖားစည်တန်ဖိုးနှင့် မျက်မှောက်ခေတ်ရှိဖားစည်တန်ဖိုး

ဖားစည်သည် ရွှေ၊ ငွေ၊ ကြေး၊ ခဲနှင့်သံတို့ကဲ့သို့ အဖိုးတန်သတ္တုပစ္စည်းများဖြင့်သွန်းလုပ်ထားသောကြောင့် ဖားစည်၏အလေးချိန်အပေါ်မူတည်၍ တန်ဖိုးကို သတ်မှတ်ဆုံးဖြတ်ကြသည်။ ထို့အပြင် သွန်းလုပ်ထားသောဖားစည်၏ လက်ရာမြောက်မှု၊ အမှတ်သင်္ကေတများ၊ ဖားစည်ထက်ရှိရုပ်ပုံများနှင့် အသံသာယာမှုတို့အပေါ်မူတည်၍တန်ဖိုးဖြတ်လေ့ရှိသည်။ နှစ်ပေါင်း များစွာတီးခတ်အသုံးပြုခဲ့ပြီးသောဖားစည်သည် အသံအလွန်ယာလှပေသည်။ အချို့သောဒေသများတွင်ဖားစည်၏မျက်နှာပြင်ထက်ရှိ ဖားအကောင်အရေအတွက်ပေါ်မူတည်၍ တန်ဖိုးဆုံးဖြတ်သည်လည်းရှိသည်။ ဖားစည်အရွယ်အစားအကြီးအသေးအပေါ်မူတည်၍ တန်ဖိုးဆုံးဖြတ်သည်လည်းရှိပေသည်။ ဖားစည်၏တန်ဖိုးအပေါ်မူတည်၍ လူတစ်ဦး၏ချမ်းသာကြွယ်ဝမှုတို့ကိုခန့်မှန်းသိရှိနိုင်ပေသည်။

## ၅. ၁ ဖားစည်၏တန်ဖိုးများ

ရှေးအခါက ဖားစည်ရောင်းဝယ်ဖောက်ကားမှုတွင် ငွေသားကိုအသုံးပြုခဲ့ကြသည်။ ကရင့်ရိုးရာယဉ်ကျေးမှုလက်စွဲစာအုပ် တွင် ဖားစည်မျက်နှာပြင်ရှိဖားတစ်ကောင်၏တန်ဖိုးကို ငွေသားတစ်ရာဟုသတ်မှတ်သည်။ ဖားနှစ်ကောင်ထပ်လျက်ရှိပါက ငွေသားနှစ်ရာနှင့် ဖားသုံးကောင်ထပ်လျက်ရှိပါက ငွေသားသုံးရာဟုသတ်မှတ်သည်။

ကရင့်ဝေါဟာရပဒေသာကျမ်းတွင် ဖော်ပြထားချက်အရ၊ ဖားစည်ကို ကဝါကော်သွား (ယခု "ဝ" ပြည်ဟုယူဆရသည်။) နှင့်စွာတို့ထံမှဝယ်ယူရရှိသည်ဟုဆို၏။ ဖားစည်ကိုဝယ်ယူသည်ဟုဆိုသော်လည်း ပိုင်ရှင်ကိုတွေ့ရလေ့မရှိပေ။ ဖားစည်ကို ဝယ်ယူလိုပါက ဖားစည်၏နေရာတွင် ငွေသားကိုချထားခဲ့၍ ဖားစည်ကိုသယ်ယူလာရသည်။ တန်ဖိုးကိုမူမျက်နှာပြင်ရှိ ဖားအရေအတွက်ပေါ်မူတည်၍ပေးချေရသည်။ အကယ်၍ဖားစည်တန်ဖိုးကိုပေးချေခြင်းမရှိဘဲယူဆောင်လာပါက အပြန်လမ်းတွင်လမ်းမှားပြီး နောက်ဆုံးတွင်ဖားစည်ထားရှိသောမူလနေရာသို့ပင် ပြန်လည်ရောက်ရှိလာသည်။ ထိုအခါ ဖားစည်၏မူလပိုင်ရှင်သည် ထိုသူကိုသတ်ဖြတ်စားသောက်လိမ့်မည်ဟုအယူရှိသည်။ ၎င်းကိုရှေးလူကြီးသူမများက ကဗျာလင်္ကာအားဖြင့် –

"ကျိၣ်မုၢ်သိၣ်ပိၤကူးတသဲ
သကိၤဒိၣ်တဆိၣ်အပှဲၤ
ကျိၣ်မုၢ်သိၣ်ပိၤကူးတတြး
သကိၤဒိၣ်တဆိၣ်အပှၤ
သးကွံကျိၣ်မၤနု့ၢ်လၢဘၢ
ဖိအိၣ်လၢခံဖိဘၣ်ယၢၤ
သးကွံကျိၣ်မၤနု့ၢ်လၢဝဲၤ
ဖိအိၣ်လၢခံဖိလိၥ်ကွဲ"

မြန်မာလိုအသံထွက်အားဖြင့် –

"ကလိုမူသော်ပေ့ါကူးတသဲ
သကော့ဒိုတဆော်အပွယ့်
ကလိုမူသော်ပေ့ါကူးတတရ
သကော့ဒိုတဆော်အပွ
သပ်ကွီးကလိုမနေလေးဘိုး
ဖိုးအိုလေးခီးဖိုးဘာယေ့
သပ်ကွီးကလိုမနေလေးဝယ့်
ဖိုးအိုလေးခီးဖိုးလိုကွဲ" ဟူ၍ဖြစ်သည်။

ကရင့်ဖားစည်အကြောင်းရေးသားသူ နော်လားပွယ်၏ဖော်ပြချက်ထဲတွင် ညောင်လေးပင်ခရိုင်ရှိ ကရင်အမျိုးသမီးကြီးတစ်ဦးက "ရှေးအခါက ဖားစည်ကိုလူအများအတူတကွသွန်းလုပ်ရောင်းချခဲ့ကြသည်။ ထိုသို့ရောင်းချသောအခါတွင် ဖားစည်သွန်းလုပ်ရာတွင်ပါဝင်သောပစ္စည်းများကိုစာရင်းပြုစုပြီးဖားစည်နှင့်တကွ ဇရပ်တွင်ထားရစ်လေ့ရှိသည်။ လူစောင့်ထားရစ် ခဲ့ခြင်းမျိုးပြုလုပ်လေ့မရှိပေ။ အကယ်၍ ထိုဖားစည်ကိုတစ်စုံတယောက်ကဝယ်ယူလိုပါက တန်ဖိုးကို ဇရပ်တွင်ချထားခဲ့ပြီး၊ ဖားစည်ကိုလိုရာယူဆောင်သွားနိုင်ပေသည်။ တန်ဖိုးငွေကို မပေးချေခဲ့ဘဲ ဖားစည်ကိုယူဆောင်သွားခြင်းမျိုးမပြုလုပ်ရပေ။ ထိုသို့ပြုလုပ်ပါက လမ်းမှားလမ်းပျောက်ပြီးရွာသို့ပြန် မရောက်တော့ခြင်းမျိုးဖြစ်တတ်သည်" ဟုဆိုသည်။

ဖားရုပ်အပြင် နေဝန်း၊ ဆင်၊ ဘဲ၊ ဗျိုင်း၊ ချိုးငှက်၊ ငှက်၊ ကြက်တူရွေး အဖိုအမ၊ ယုန်၊ ကြက်၊ ငါး၊ ရက်ကန်း၊ ရက်လုပ်ခြင်းနှင့် ကရင့်လက်မှုပညာများအား အခြားသော ရုပ်ပုံများနှင့်အတူစီခြယ်ထားသည်လည်းရှိသည်။

သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းကလည်း ဖားစည်တန်ဖိုးနှင့်ပတ်သက်၍ "၁၈၈၉ ခုနှစ်မတိုင်ခင်ကရင်ဖားစည်က စက်ာပူ၊ ဟောင်ကောင်ဈေးကွက်မှာ ဒေါ်လာ ၈၀၀၀–၁၂၀၀၀ လောက်ရှိပါတယ်။ ၁၈၉၀ နောက်ပိုင်းကရင့်ဖားစည်က တော့ဒေါ်လာ ၃၅၀၀– ၄၀၀၀ လောက်ဘဲရှိတော့တယ်။" ဟုဆိုသည်။ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) က "ယခု

ခေတ်ဖားစည်က သွန်းလုပ်တဲ့ပစ္စည်းတွေမစုံတော့လို့တန်ဖိုး ၅ သိန်းလောက်ဘဲ ရှိပါတယ်။” ထို့အတူ၊ နော်ဘွေ့ဝါးရေးသားသောကရင့်ဖားစည်အကြောင်းတွင် ဖူးထွေးဂယ်ကလည်းထို့အတူဖော်ပြခဲ့သည်။ မျက်မှောက်ကာလတွင် အချို့အွန်လိုင်းစာမျက်နှာများပေါ်၌ ရောင်းချလျှက်ရှိသော ကရင့်ဖားစည်ဈေးနှုန်းများမှာ ပျမ်းမျှခြင်းအားဖြင့် ဒေါ်လာ ၂၀၀ မှ ၁၅၀၀ အတွင်းတွင်ရှိကြောင်းလေ့လာသိရှိရပေသည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ ရှေးဟောင်းပစ္စည်းရောင်းချသောဆိုင်အရောင်းတာဝန်ခံက “သိပ်မကြာသေးခင်ကာလကဘဲ ကရင့်ဖားစည်တစ်လုံးကို ထိုင်းဘတ် တစ်သိန်းကျော်ကျော် တန်ကြေးနဲ့ရောင်းချခဲ့ပါတယ်။” ဟုဆိုသည်။

ကရင့်ဖားစည်များထဲတွင် ကရင်အခေါ် “ဂေါ်ပတ်ဆောဒီ” အမည်ရှိဖားစည်သည်အသံအသာယာဆုံးဖြစ်သည်ဆို၏။ ဤဖားစည်ကိုတီးခတ်စဉ် ရိုက်တံ (မောင်းတံ) သည်မတော်တဆအိမ်အောက်သို့ကျလျှင် ဆင်းကောက်ပြီးအိမ်ပေါ်သို့ပြန် ရောက်သည့် တိုင်အောင်ဖားစည်၏တုန်ခါသံ မဆုံးသေးဟူ၏။ ဖားစည်ကိုတီးခတ်သောအခါ အနီးရှိသူသည်အသံကို ညင်သာစွာကြား ရမည်ဖြစ်သော်လည်းထိုအသံသည်ဝေးလံစွာရောက်ရှိသည်ဟုအဆိုရှိသည်။

အင်တာနက်ပေါ်ရှိ၊ မြန်မာဝီကီပီးဒီးယားတွင် ဖော်ပြထားသော “ဖားစည်” အကြောင်းနှင့်ပတ်သက်၍အောက်ပါအတိုင်း ဖော်ပြထားသည်။ ဖားစည်မောင်နှံဟုခေါ်သောဖားစည်မျိုးသည်တန်ဖိုးအလွန်ကြီးသောကြောင့်တစ်ဦးတည်းဝယ်ယူရန်ငွေအင်အားမနိုင်လျှင် ဆွေမျိုးတစုလုံးစုပေါင်းဝယ်ယူပြီး၊ အများသဘောတူဆွေမျိုးတစ်ဦးဦးအိမ်တွင်ထားရှိကြသည်။ ထိုဖားစည်မောင်နှံကိုရွှေဖြင့်ပြုလုပ်သောအဝါရောင်ဖားစည်နှင့် ငွေဖြင့်ပြုလုပ်သောအဖြူရောင်ဖားစည်ဟူ၍ ခွဲခြားထားပြီး၊ ၄င်းတို့ကိုပိုင်ဆိုင်သူသည် ဓနအင်အားပြည့်စုံသူဟူ၍သတ်မှတ်ခြင်းခံရသည်။

## ၅. ၂ မျက်မှောက်ကာလ ဖားစည်အပေါ်သဘောထားနှင့်အမြင်များ

မျက်မှောက်ကာလတွင်ဖားစည်ကိုကုန်သွယ်မှုပစ္စည်းအဖြစ်နိုင်ငံရပ်ခြားသို့ရောင်းဝယ်ဖောက်ကားမှုပြုနေကြသည်ကို များစွာတွေ့ရှိရပေသည်။ ထိုသို့ရောင်းချ

သောဖားစည်များတွင် အချို့ကိုအိမ်တွင်းအလှဆင်ပစ္စည်းအဖြစ်သော်လည်းကောင်း၊ အချို့ကိုပြတိုက်များအတွင်းပြသလျက်လည်းကောင်း ပြသအသုံးပြုနေကြသည်ကိုတွေ့ရှိရပေသည်။ ထိုအချင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့လက်လှမ်းမီသမျှသောနိုင်ငံအသီးသီး၊ ဒေသအသီးသီးရှိကရင်အမျိုးသားများ၏သဘောထား အမြင်များကိုစစ်တမ်းကောက်ယူရာ–အချို့က "ဖားစည်ဟာ ကရင်အမျိုးသားအထိမ်းအမှတ်ပစ္စည်းတစ်ခုအဖြစ်ပြည်တွင်း၊ ပြည်ပရှိလူများသိရှိကြပါတယ်။ ကရင်အမျိုးသားများအနေနဲ့လည်းဒီကိစ္စကိုအလေးအနက်ထားပြီး၊ ဖားစည်ကိုကရင့်ယဉ် ကျေးမှုအစဉ်အလာမဟုတ်တဲ့ အခြားသောနေရာများမှာလုံးဝအသုံးမပြုမိစေဖို့ဆင်ခြင်ရပါမယ်"ဟုဆိုကြ၏။

စတားဇီးရီးအမည်ရှိ ကရင်လူငယ်တစ်ဦးက "ဖားစည်ကို အိမ်တွင်းအလှဆင်ပစ္စည်းအဖြစ်အသုံးပြုခြင်းဟာ လုံးဝမသင့်လျော်တဲ့အပြုအမူဖြစ်ပါတယ်။ ဘာနဲ့အလားသဏ္ဍာန်တူလဲဆိုတော့ သူတပါးတန်ဖိုးထားတဲ့အရာကိုမလေးမစားပြုရာရောက်ပါတယ်။ ကရင်အမျိုးသားများအနေနဲ့လည်း ဒီကိစ္စကိုအလေးအနက်မထားခဲ့မိလို့ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်၊ ဒီလိုအဖြစ်မျိုးနောက် နောင်မဖြစ်ရလေအောင် ဖားစည်ကိုထိန်းသိမ်းဖို့ရန် ကရင်အမျိုးသားတိုင်းမှာ တာဝန်ရှိပါတယ်"ဟုဆို၏။

အချို့က "အိမ်တွင်းအလှဆင်ပစ္စည်းအဖြစ်ထားတာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖားစည်ကိုအိမ်ရဲ့ကျက်သရေ ဆောင်ပစ္စည်းတစ်ခုအဖြစ်သတ်မှတ်နိုင်လို့ပါဘဲ။ ဒါပေမယ့် စားပွဲလိုအသုံးပြုတာ၊ အိမ်သုံးပစ္စည်းတစ် ခုလိုသဘောထားပြီးအသုံးပြုတာမျိုးကတော့ မသင့်တော်လှပါဘူး။"

နော်အယ်ခူရှီးက "အမြတ်တနိုးတန်ဖိုးထားပြီး၊ သင့်တော်တဲ့နေရာမှာထားရင်တော့အကောင်းဆုံးပေါ့။ အခုအချိန်မှာ ဖားစည်ကိုတွေ့မြင်ရဖို့အလွန်ခက်ခဲလှပါတယ်။ တစ်ကယ်လို့ ဖားစည်တစ်လုံးကိုလက်ဝယ်ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် အလွန်ဘဲကံကောင်းတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ကစားစရာပစ္စည်းတစ်ခုလို၊ ပစ္စလက္ခမထားဘဲ အိမ့်ကျက်သရေဆောင်ပစ္စည်း တစ်ခုအဖြစ်သဘောထားရင် အိမ့်ကျက်

သရေကိုတိုးပွားစေနိုင်တယ်လို့ကျမထင်ပါတယ်"

အချို့က "ဖားစည်ဟာ ကရင့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတစ်ခုဖြစ်တယ် ဆိုတာလူတိုင်းသိကြပါတယ်။ ဒါကြောင့် ဘယ်လိုဘဲသုံးသုံး ကရင့်ရိုးရာပစ္စည်းလို့ သိနေတဲ့အတွက် ဂုဏ်ယူစရာတောင်ကောင်းနေပါသေးတယ်။"

အယ်နောက "သူများဝယ်နိုင်လို့သုံးတာဘဲလေ။ ပြီးတော့ ကရင့်ရိုးရာအထိမ်း အမှတ်ပစ္စည်းအဖြစ်သိနေကြတာဘဲလေ။ အသုံးပြုကြတယ်ဆိုရုံနဲ့ ကရင်လူမျိုး ကိုလူသိပိုများစေတာဘဲမို့၊ ဒါဟာကောင်းတယ်လို့ယူဆပါတယ်"။

နော်ဘွေ့ဝါးရေးသားသောဖားစည်အကြောင်းတွင် ဖူးထွေးဂယ်က "အရင်ခေတ် ဖားစည်ကအသံတော်တော်ကောင်းပါတယ်။ ယခုဖားစည်အသံက သိပ်မကောင်း တော့ဘူး။ သွန်းလုပ်တာလည်း ပစ္စည်းတွေရှားပါးလာတယ်။ အရင်ကဖားစည် တစ်လုံးဟာ တန်ဖိုးမြင့်မားစွာရောင်းလို့ရတယ်။ ယခုဖားစည်က ပစ္စည်းတွေမစုံ တော့တလုံးကိုကျပ် ၅ သိန်းလောက်ဘဲရောင်းလို့ရပါတယ်။ ယခုတစ်ချို့ကရင်ရွာ တွေမှာဆိုရင် ရွှေဖားစည်နဲ့ငွေဖားစည်ကျန်ရှိပါသေးတယ်။ သူတို့ကဖွက်ထား တယ်။ လူတွေလာမေးရင်မပြောပြဘူး။ တစ်မျိုးမှာဆိုရင်တစ်ယောက်ဘဲသူတို့အ သိပေးတယ်။ သူတို့ကပြောတယ် ကရင်တိုင်းပြည်လွတ်လပ်ရေးမရှိသေးတဲ့အချိန် မှာမပြချင်ဘူး။ ပြဖို့အချိန်မတန်သေးဘူး။ ပြရင်သူများလုယူမှာစိုးလို့ဟုပြောကြ ပါတယ်။ ကရင်တိုင်းပြည်အုပ်ချုပ်နိုင်တဲ့တစ်နေ့ကျရင်ပြမှာဘဲလို့ပြောပါတယ်။" ဟုပြောသည်။ ၎င်းကဆက်လက်၍၊ "မျက်မှောက်ခေတ်တွင်ဖားစည်ကို ပိုးကရင် ဒေသများတွင် အများဆုံးတွေ့ရပါတယ်။ စကောကရင်ရွာတွေမှာ ဆိုရင်သိပ်မ တွေ့ရတော့ဘူး။ တစ်ချို့ကဖားစည်ဘဲသိတယ်။ ဖားစည်အကြောင်းကိုမသိရှာ ဘူး။ အဲဒါကြောင့်ကရင့်ရိုးရာဖားစည်ဟာ တဖြည်းဖြည်းနဲ့ပျောက်ကွယ်လုနီးပါး ဖြစ်နေပြီ" ဟုဆိုသည်။

ရှေးအခါက မင်္ဂလာတင်ကြေးတောင်းခြင်း၊ တရားစီရင်ခြင်းတို့တွင် လျော်ကြေးအ ဖြစ်ဖားစည်တို့ကိုတန်ဖိုးများသတ်မှတ် ကာအသုံးပြုခဲ့ကြသော်လည်း ယခုအခါ

ကရင်ရွာများ၌ ဖားစည်ကိုရှာ၍ပင်မတွေ့နိုင်တော့ပါ။ ထို့ကြောင့် ကရင်အမျိုးသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့်ဖားစည်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်အတူ ဖားစည်သွန်းလုပ်ခြင်းအတတ် ပညာဖြင့် ဆက်လက်၍ ဖားစည်အသစ်များသွန်းလုပ်သင့်ပါသည်။ ကရင်တို့၏အမျိုးသားယဉ်ကျေးမှုဆိုင်ရာရိုးရာယဉ်ကျေးမှုများကိုလေ့လာမည်ဆိုလျှင်ဦးစွာပထမ ကရင့်ဖားစည်ကိုလေ့လာရမည်ဖြစ်ပါသည်။ သို့မှသာလျှင် ကရင်လူမျိုးတို့နှင့်တသားတည်းတည်ရှိခဲ့သော ကရင့်ဖားစည်သည် ကရင်အမျိုးသားထုတစ်ရပ်လုံးအားအစဉ်ကိုယ်စားပြုနေမည့်တူရိယာပစ္စည်းဖြစ်သည်ဆိုခြင်းကို နောင်းခေတ်ကရင်လူငယ်များသိရှိ နားလည်နိုင်ကြမည်ဖြစ်ပါသည်။

ဖားစည်အကြောင်းနှင့်ပတ်သက်၍ သုတေသနပြုသူများကထင်ကြေးအမျိုးမျိုးပေး၍ရေးသားနေကြသော်ငြားလည်း ဖားစည်၏မူလဇစ်မြစ်နှင့်ပတ်သက်၍ မည်သည့်မှတ်တမ်းတွင်မှ တိတိကျကျဖော်ပြထားသည်ကိုမတွေ့ရှိရပေ။ အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း ဖားစည်ကိုဘီစီ ၆ ကတည်းကပင်စတင်အသုံးပြုခဲ့ကြပြီးဖြစ်သည်။ ယနေ့တွေ့မြင်နေရသော ဖားစည်သည်လည်းဟက်ဂါ–၃ အုပ်စုဝင်ဖားစည်များဖြစ်သည်။ ဖားစည်ယဉ်ကျေးမှုသည်လည်း ဖိလစ်ပိုင်နိုင်ငံမှလွဲ၍ အရှေ့တောင်အာရှနိုင်ငံအနှံ့အပြားသို့ပျံ့နှံ့ရောက်ရှိလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းတွင်မူ ကယားပြည်နယ်တွင် ဖားစည်သွန်းလုပ်မှုအများဆုံးဖြစ်သည်။

ဖားစည်သည် ကရင်အမျိုးသားများ၏အထိမ်းအမှတ်ပစ္စည်းတစ်ခုဖြစ်သကဲ့သို့၊ ဘိုးဘွားအမွေအနှစ်ပစ္စည်းလည်းဖြစ်သည်။ ထို့အပြင် ကရင်အမျိုးသားများနှင့်အခြားသောလူမျိုးများအတွက်ပါ လွန်စွာအရေးပါလှသော ပစ္စည်းလည်းဖြစ်ပေသည်။ သို့သော်လည်းကရင့်ကျေးရွာများတွင် ဖားစည်တစ်လုံးတလေမျှပင်မတွေ့ရှိရတော့ပေ။ အကြောင်းကား၊ နိုင်ငံရေးမငြိမ် သက်မှုများကြောင့် ကျေးရွာများရွှေ့ပြောင်းခံရခြင်း၊စားဝတ်နေရေးအကြပ်အတည်းများကြောင့်ရောင်းချခြင်းများကြောင့်ဖြစ်ပေသည်။ ကရင်လူမျိုးများထဲတွင် ဖားစည်သွန်းလုပ်သူမရှိတော့ဟုဆိုနိုင်သောအနေအထားမျိုးဖြစ်နေပေသည်။ အထက်ပါအခြေအနေအရပ်ရပ်တို့

ကြောင့် ကရင့်ရိုးရာအမွေအနှစ်ပစ္စည်းဖြစ်သောဖားစည်များသည် တဖြည်းဖြည်း ပျောက်ကွယ်လုနီးပါးအခြေအနေမျိုးနှင့်ရင်ဆိုင်နေရသည်။ ကရင်နှစ်သစ်ကူးနေ့ ကဲ့သို့သောအခါကြီးရက်ကြီးများတွင်တီးခတ်ရန်အတွက် ဖားစည်ကို လွန်စွာခက် ခက်ခဲခဲရှာဖွေငှားရမ်းနေရသောအခြေအနေမျိုးပင်ဖြစ်နေပြီး၊ ဖားစည်အကြောင်း သေသေ ချာချာဂဂနန သိရှိသူဟူ၍လည်းမရှိတော့သလောက်ပင်ဖြစ်နေပေပြီ။ ထို့ကြောင့် ကရင်အမျိုးသားတိုင်း မိမိတို့၏ဘိုးဘွားယဉ်ကျေးမှုအမွေအနှစ်များ ကိုထိန်းသိမ်းပါမှ နောင်လာမည့်နှစ်ပေါင်းများစွာတိုင်အဓွန့်ရှည်တည်တံ့နိုင်မည် ဖြစ်ပါသည်။

••••••••••••••

**ကိုးကား –**

၁။ "ကရင့်ဖားစည်အကြောင်း" တီးနိုး။ ကွယ်ကလူစာစောင် (ကရင်ဘာသာ)

၂။ "ကရင့်ယဉ်ကျေးမှုလက်စွဲစာစောင်" ခရစ်နှစ် ၂၀၀၀ ယဉ်ကျေးမှုကော်မတီ

၃။ ဝေါဟာရပဒေသာကျမ်း။ အမှတ်စဉ် –၁၊ (စာမျက်နှာ–၁၃၈)

၄။ "The Karen Bronze Drums of Burma", Richard M. Cooler
- Chapter III, The Karens of Burma, Origin of the Karen Bronze Drum (page 28-30)
- Chapter IV, The Use of The Bronze Drum among the Karens of Burma (page 31-50)
- PLATES
- Chapter VI, The manufacturing process.
- Chapter X, The Iconographic develoopment of the Karen Bronze Drum (Pictures)

၅။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ကရင်)၊ ဖားစည် (စာမျက်နှာ– ၃၁၃)

**အင်တာနက်/ဝက်ဘ်ဆိုက်စာမျက်နှာများ**

၆။ "ဖားစည်" ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) Myanmar Online Encyclopedia

၇။ "ဖားစည်" နော်ဘွေဝါး

၈။ "ကရင်ဖားစည်" နော်လားပွယ်၊ အားမာန်သစ်စာစောင်ဆိုက်

၉။ "ကရင်အမျိုးသားယဉ်ကျေးမှုတူရိယာ၊ ဖားစည်" ဇွဲကပင်စာစောင်ဆိုက်

၁၀။ "Restoration and Conservation of a Karen Bronze Drum, Hall Conservation"

၁၁။ "ကရင်ဖားစည်" ဒေါက်တာသန်းထွန်း၊ သမိုင်းနှင့်စကားပြောခြင်းမှ။

၁၂။ "ကရင့်သတင်းစဉ်"ကညီတၢ်ကစီဉ်ဝဲၤလီၢ်ခိဉ်သ့ဉ်, ကညီနံဉ်ထီဉ်သီ အမူးလံာ်ကုတၢ်ဂီၤ